မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၂၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၅)၊ အမှတ် (၃၂၀)

နေပြည်တော် မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (ဩဂုတ် ၂၀ ရက်) ၌ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဟန်ဂေရီသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၀

၂၀၀၆ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ကျရောက်သော ဟန်ဂေရီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဟန်ဂေရီသမ္မတနိုင်ငံ သမ္မတ မစ္စတာလာဇလို၊ ဆိုလီယာမ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တာကော်-မိုင်းပျဉ်း-ကျိုင်းတုံ ပြည်ထောင်စုကားလမ်းမကြီး မိုင်းပျဉ်း-တုံတာ-ကျိုင်းတုံလမ်းပိုင်း ကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် ဩဂုတ် ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက မော်တော်ယာဉ်များဖြင့် မိုင်းပျဉ်း-တုံတာ-ကျိုင်းတုံလမ်းအပိုင်း လမ်းကြောင်းတစ်လျှောက် လမ်းနှင့် တံတားများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ထွက်ခွာလာရာ မိုင်တိုင်အမှတ်(၃၅၆/၅) ပန်နောင်လုံ၊ ကိုးကွေ့တောင်ခြေ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

ငမိုးရိပ်တံတား (ကမာကြည်) လုပ်ငန်းစဉ်တစ်ခုလုံး ဂုဏ်ရည်ညွှန်း ဂုဏ်ရည်ကောင်း အောင်မြင်အောင်ရွက်သွားမှုသည် (သတ်မှတ်ချိန်စံညွှန်းနှင့်အညီ) ဆောလျင်စွာပြီးစီးရေးဆောင်ရွက် သုဝဏ္ဏာနှင့်သာကေတဘက်ရှိလမ်းများ ကတ္တရာလမ်းဖြစ်အောင်လုပ်ကိုင်

ငမိုးရိပ်တံတား (ကမာကြည်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ငမိုးရိပ်တံတား (ကမာကြည်)ဆောက်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ ကမာကြည်လမ်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ငမိုးရိပ်တံတား(ကမာကြည်)ဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့က တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ငမိုးရိပ်တံတား(ကမာကြည်)အား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကြိုးပမ်းဆောင်ရွက်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့်အတူ ညနေ ၃ နာရီတွင် ငမိုးရိပ်တံတား(ကမာကြည်)ဆောက်လုပ်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား အင်ဂျင်နီယာမှူးကြီး(ရန်ကုန်တိုင်း)ဦးစိုးတင့်က ငမိုးရိပ်တံတား(ကမာကြည်)သို့ ဆက်သွယ်ထားသည့် ချဉ်းကပ်လမ်းများ ဆောင်ရွက်နေမှုအခြေအနေနှင့်စပ်လျဉ်း၍လည်းကောင်း၊ ငမိုးရိပ်တံတား(ကမာကြည်)ဆောက်လုပ်ရေးစီမံကိန်း အင်ဂျင်နီယာမှူး ဦးဟန်စိုးက ငမိုးရိပ်တံတား(ကမာကြည်)တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ

စာမျက်နှာ ၇ ကော်လံ ၁ ✻

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ပြည်သူတစ်ရပ်လုံးတက်ညီလက်ညီကြိုးပမ်းဆောင်ရွက်

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်း ဖြစ်သကဲ့သို့ နိုင်ငံလူဦးရေ၏ အများစုဖြစ်သည့် ကျေးလက်ပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလည်း ဖြစ်သည်။

နိုင်ငံတော်က အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာစေရန် လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် အဘက်ဘက်က ဖြည့်ဆည်းပေးလျက် ရှိသကဲ့သို့ ပြည်နယ်၊ တိုင်း ဒေသအသီးသီးမှ ပြည်သူများကလည်း သီးနှံအထွက်တိုးရေး အားသွန်ခွန်စိုက် ကြိုးပမ်းစိုက်ပျိုးလျက်ရှိကြရာ အောင်မြင်မှုများကို တွေ့မြင်နေရသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၏ ၂၀၀၅-၂၀၀၆ ခုနှစ် သီးနှံစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုများ ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၆ရက်နေ့က ကျိုင်းတုံမြို့ မြို့နယ်ခန်းမ၌ ကျင်းပပြီး အထွက်တိုးရေးအတွက် နည်းလမ်းလေးသွယ်ဖြင့် ပညာပေးဆောင်ရွက်ကာ မိုးစပါးတစ်ဧက တင်း ၁၀၀ နှင့်အထက် ထွက်ရှိသူများနှင့် နွေစပါးတစ်ဧကတင်း ၁၂၀ အထက် ထွက်ရှိသူများကို အထွက်နှုန်းပြိုင်ပွဲများ ပြုလုပ်၍ ဆုများချီးမြှင့်ပေးခဲ့သည်။ ထို့ပြင် စားဖိုဆောင်သီးနှံနှင့် ဆီထွက်သီးနှံများ အမြင့်ဆုံး ထွက်ရှိသည့်မြို့နယ်၊ သီးနှံစိုက်စွမ်းအား အမြင့်ဆုံးကျေးရွာအုပ်စု၊ သီးနှံစိုက်ပျိုး ထုတ်လုပ်ရေး ကြိုးကြပ်မှုအကောင်းဆုံးခရိုင်နှင့် မြို့နယ်များအား လယ်ယာကဏ္ဍ တိုးတက်မြင့်မားရေးအတွက် အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်ခြင်းဖြစ်သည်။

တောင်သူများမှ သိပ္ပံနည်းကျ စိုက်စနစ်များကို စိတ်ဝင်စား၍ ဆောင်ရွက်လာစေရန်၊ စပါးအထွက်နှုန်း တိုးတက်မြင့်မားလာစေရန်၊ စပါးအထွက်တိုး၍ တောင်သူတစ်ဦးချင်း ဝင်ငွေတိုးလာစေရန်၊ သီးနှံစိုက်စွမ်းအား တိုးတက်လာစေရန်၊ ပြည်နယ်၏ အသားတင်ထုတ်လုပ်မှု မြင့်မားလာစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် မိုးစပါးနှင့် နွေစပါးစိုက်ပျိုးရာတွင် အထွက်နှုန်း ယှဉ်ပြိုင်ပွဲများ ကျင်းပပေးခဲ့သည့်အတွက် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် အထွက်နှုန်းမြင့်မားလာပြီး စိုက်ဧကများပါ တိုးတက်လာမှုကြောင့် ဒေသဝမ်းစာ ဖူလုံမှုအနေဖြင့် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ၁၂၉ဒသမ၁၁ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ၁၆၅ ဒသမ ၃၅ ရာခိုင်နှုန်းရှိလာခဲ့သည်။

နှစ်ရှည်သီးနှံဖြစ်သည့် ရော်ဘာကို ၁၉၉၇ ခုနှစ်မှစတင်စိုက်ပျိုးခဲ့သည်။ စုစုပေါင်း ဧက၄၅၀၀၀ကျော် စိုက်ပျိုးထားရှိပြီးဖြစ်သည်။ ဆက်လက်၍ ၂၀၀၇-၂၀၀၈ခုနှစ်အတွင်း စုစုပေါင်း ဧကတစ်သိန်း ပြည့်မီရေးအတွက် တိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိသည်။ အမြင့်ပေ ၃၀၀၀ အထက် နေရာများတွင် လက်ဖက်ကို တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ ခြံစည်းရိုး ကြက်ဆူပင်များကိုလည်း သတ်မှတ်ဧက ပြည့်မီအောင် စိုက်ပျိုးလျက်ရှိသည်။

အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက် လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဖိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် အိမ်သုံးလျှပ်စစ်မီတာထုတ်လုပ်ရေး အလုပ်ရုံစစ်ဆေး အရည်အသွေးပြည့်မီသော လျှပ်စစ်မီတာများ ထုတ်လုပ်ရန်မှာကြား

ရန်ကုန် ဩဂုတ် ၁၉

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဩဂုတ်၁၄ရက် နံနက်ပိုင်းက ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အစည်းအဝေးခန်းမ၌ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန အောက်ရှိ အရာထမ်းများနှင့် ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် တောင်ဒဂုံမြို့နယ် စက်မှုဇုန်(၁)ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်မှု စက်ရုံရှိ အိမ်သုံးလျှပ်စစ်မီတာ ထုတ်လုပ်ရေးအလုပ်ရုံသို့ ရောက်ရှိလာရာ အစည်းအဝေးခန်းမ၌ အထွေထွေမန်နေဂျာ ဒေါ်လဲ့လဲ့ဝင်းက အိမ်သုံးလျှပ်စစ်မီတာ အမျိုးအစားနှင့် ပတ်သက်သည့် စက်မှုဆိုင်ရာအချက်အလက်များ၊ နှစ်အလိုက်မီတာထုတ်လုပ်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး စီမံကိန်းညွှန်ကြားရေးမှူး ဦးဝင်းတင့်က အမှတ်(၂) စက်မှုဝန်ကြီးဌာနအောက်ရှိ လျှပ်စစ်မီတာအလုပ်ရုံ (ဆင်တဲ)မှ တစ်နှစ်လျှင် မီတာအလုံးရေ ၅၀၀၀၀၀ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်မီတာအလုပ်ရုံ (တောင်ဒဂုံ)၌ လည်း



အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လက်အောက်ရှိ အရာထမ်းများနှင့်ဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။ (အမှတ်(၂)လျှပ်စစ်)

ပိုမိုကြံ့ခိုင်ကောင်းမွန်သော မီတာများကို ထုတ်လုပ်လျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့မှ အင်ဂျင်နီယာချုပ် ဦးထွန်းအေးက အိမ်သုံး လျှပ်စစ်မီတာအလုပ်ရုံသို့ ဓာတ်အားဖြန့်ဖြူးပေးထားမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက အရည်အသွေး ပြည့်မီသည့် လျှပ်စစ်မီတာများကို များများ ထုတ်လုပ်ပေးနိုင်ရန် မှာကြားပြီး အိမ်သုံး လျှပ်စစ် မီတာအလုပ်ရုံ (ဆင်တဲ)မှ စမ်းသပ်ထုတ်လုပ်ထားသော အိမ်သုံးမီတာနှင့် လုပ်ငန်းသုံးပါဝါမီတာ အစိတ်အပိုင်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ညွှန်ကြားဖြည့်ဆည်းပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် သန်လျင်မြို့နယ် သီလဝါစက်မှုဇုန်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း (သီလဝါ)သို့ရောက်ရှိရာ ရှင်းလင်းခန်းမ၌ ဒုတိယအထွေထွေမန်နေဂျာ ဦးမင်းကြည်က မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(သီလဝါ)၏ လျှပ်စစ်ဓာတ်အားရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ်က မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(သီလဝါ)သို့ ဓာတ်အားပို့လွှတ်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းစီစဉ်ပေးပြီး ဆိပ်ကမ်းရှိ ဓာတ်အားခွဲရုံ၊ ကုန်တင်ကုန်ချ ပြုလုပ်ပေးသော Tower Crane အား ဓာတ်အားပေးထားမှု၊ ကုန်ပစ္စည်းများစစ်ဆေးသည့် စက်များအား ဓာတ်အားပေးထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖခင် ဦးမြင့်သိန်း၊ မိခင် ဒေါ်အုံးမြ၊ အစ်ကို ဦးပွင့်ကျော်တို့အား ရည်စူး၍ အမှတ် ၁၉/၂၁ မအူကုန်းလမ်းကျယ် တာမွေမြို့နယ်နေ ဒေါ်ဝင်းကြည်မြင့် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ မျက်စိကု လေဆာစက်အတွက် အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ် ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့် လက်ခံယူစဉ်။ (က-ပ)

✡ ရှေ့ဖုံးမှ

အဆင့်မြင့်တင်

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးက တာကော်–မိုင်းပျဉ်း–ကျိုင်းတုံ ပြည်ထောင်စုကားလမ်းမကြီး လမ်းအရှည် ၁၁၄ မိုင်ကို ပေ ၃၀ အကျယ် မြေသားလမ်းချဲ့ထွင်ခြင်းနှင့် ၁၂ပေ အကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့မှု အခြေအနေများကိုလည်းကောင်း၊ ဘဏ္ဍာရေးနှစ်အလိုက် ကတ္တရာလမ်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဘေလီတံတားများအား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ လမ်းဘေးဝဲယာ ရေနုတ်မြောင်းများနှင့် သဲတောင်နေရာများတွင် ကျောက်စီမြေထိန်းနံရံနှင့် ကျောက်စီရေမြောင်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း မြေပုံကားချပ်များနှင့်တကွ ရှင်းလင်းတင်ပြပြီး လမ်းအပိုင်းအလိုက် တာဝန်ခံအင်ဂျင်နီယာများက လမ်းတံတားပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က တာကော်–မိုင်းပျဉ်း–ကျိုင်းတုံ ပြည်ထောင်စုကားလမ်းမကြီး ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေး အတွက် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက သတ်မှတ်လမ်းအကျယ် ပေ၃၀ မပြည့်မီသေးသည့် လမ်းကျဉ်းနေရာများအား သတ်မှတ် စံချိန်စံညွှန်းနှင့်အညီဖြစ်အောင် မြေသားလမ်းချဲ့ထွင်ဆောင်ရွက်ရေး၊ လမ်းအကွေ့/အတက်လမ်းကျဉ်း နေရာများ၌ လမ်းသားချဲ့ထွင်ခြင်းနှင့် ကတ္တရာခင်းခြင်းကို အပိုင်းအလိုက်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မိုးတွင်းကာလ လမ်းပျက်စီးမှုများကို လမ်းအပိုင်းအလိုက် တာဝန်ခံများက အမြဲစစ်ဆေးပြုပြင်ဆောင်ရွက်ရေး၊ လမ်းကြောင်းအပေါ်မှ တောင်ကျရေတိုက်ရိုက်ဖြတ်သန်းစီးဆင်းသည့် နေရာများတွင် တိုက်ရိုက်ဖြတ်သန်းစီးဆင်းခြင်းမရှိအောင် ရေလမ်းကြောင်းလွှဲပေးခြင်းများ ဆောင်ရွက်ရေး၊ လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းများ အမြဲတမ်းရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ရေး၊ လမ်းကြောင်းတစ်လျှောက် မြေသားနံရံမြင့်သည့် သဲတောင်နေရာများတွင် မြေပြိုကျမှုကို ကာကွယ်ရန်အတွက် အဆင့်ဆင့် မြေဖြတ်ထားရှိပြီးကျောက်စီမြေထိန်းနံရံများ ထည့်သွင်းတည်ဆောက်ရန်နှင့် မြေထိန်းနံရံများ တည်ဆောက်ရာတွင် ရေထွက်ပေါက်ငယ်များထည့်သွင်းတည်ဆောက်ရေး၊ လမ်းကြောင်းတစ်လျှောက်တွင် တံတား၊ ရေပြွန်ထည့်ရန် လိုသည့်နေရာများ၌ တံတား၊ ရေပြွန်များ ထည့်သွင်းတည်ဆောက်ရေးမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဆက်လက်ထွက်ခွာခဲ့ရာ တုံတာတပ်နယ် နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တုံတာတပ်နယ် နယ်မြေခံတပ်ရင်းခန်းမ၌ တပ်ရင်းမှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်စွာဖြင့် တိုင်းပြည်တာဝန်များအား ကျရာအခန်းကဏ္ဍမှ ကျေပွန်အောင်ထမ်းဆောင်ရေး၊ အမြင်လေးမြင်ရှိစွာဖြင့် နေထိုင်ဆောင်ရွက်ပြီး တပ်တည်ဆောက်ရေး လေးရပ်အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ချမှတ်ထားသည့် ဥပဒေ၊ စည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို အလေးထားလိုက်နာပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံတိုင်းရင်းသားပြည်သူလူထုနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းလက်တွဲဆောင်ရွက်ရေး၊ တပ်တွင်း တပ်ပြင်စည်းရုံးရေးလုပ်ငန်းများ ပိုမိုခိုင်မာမှုရှိအောင် အကောင်အထည်ဖော်တည်ဆောက်ရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားကာ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးပြီး တပ်ရင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တုံတာ– ကျိုင်းတုံ လမ်းအပိုင်းလမ်း၊ တံတားအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဆက်လက်ထွက်ခွာခဲ့ရာ မိုင်တိုင်အမှတ် ၃၈၆/၀သို့ ရောက်ရှိကြပြီး မိုးတွင်းကာလ တောင်ကျရေများမှုကြောင့် လမ်းကြောင်းရေတိုက်စားမှုအား ယာယီဘေလီတံတား တည်ဆောက်၍ ဆက်သွယ်မှုမပြတ် ဆောင်ရွက်ထားရှိမှု ကျောက်စီမြေထိန်းနံရံ ဆောင်ရွက်ထားရှိမှုနှင့် ကျောက်ရိုးစီကမ်းကပ်ခံဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ ပြည်နယ် အင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တောင်ကျရေချောင်းမှ ရေများ တံတားအတွင်းမှ ကောင်းမွန်စွာ ဖြတ်သန်းစီးဆင်းမှုရှိအောင်ဆောင်ရွက်ရေး၊ မြေထိန်းနံရံ၏ အတွင်းဘက်တွင် ကျောက်ရောမြေများ ထပ်မံဖြည့်တင်းရေး၊ လက်ရှိယာယီဘေလီတံတားအား ကျောက်ရိုးစီ ကမ်းကပ်ခံပေါ်သို့ ရွှေ့ပြောင်းဆောင်ရွက်၍ သွားလာမှု လွယ်ကူအဆင်ပြေအောင်စီမံဆောင်ရွက်ရေးမှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

၎င်းမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လမ်းကြောင်းတစ်လျှောက် ကြည့်ရှုစစ်ဆေး၍ ဆက်လက်ထွက်ခွာခဲ့ရာ မိုင်တိုင်အမှတ် ၃၈၉/၆ သဲတောင်နေရာသို့ ရောက်ရှိကြပြီး မိုးရွာသွန်းမှုကြောင့် ကားလမ်းကြောင်းပေါ်သို့ ကျရောက်လျက်ရှိသည့် တောင်ပြိုမြေများအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ စက်၊ ယာဉ်၊ ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆက်လက်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် ကျိုင်းတုံမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ တာကော–မိုင်းပျဉ်း–ကျိုင်းတုံလမ်းမှာ မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ် ပြည်ထောင်စုကားလမ်းမကြီးတွင် အပိုင်းတစ်ပိုင်းအဖြစ်ပါဝင်ပြီး အရှည်၁၁၄ မိုင်ရှိ၍ ၁၂ပေအကျယ် ကတ္တရာလမ်းအဖြစ်ခင်းကျင်းဆောင်ရွက် ပြီးစီးခဲ့ပြီးဖြစ်ရာ ယခုအခါတာကော်မှ မိုင်းပျဉ်းသို့ ယာဉ်မောင်းချိန် ၂နာရီ မိနစ်၃၀ခန့်နှင့် မိုင်းပျဉ်းမှ ကျိုင်းတုံသို့ ၃နာရီခန့် စုစုပေါင်း ၅နာရီ မိနစ်၃၀ ခန့်သာကြာမြင့်သည့်အတွက် ခရီးသွားပြည်သူများ လုံခြုံချောမွေ့စွာဖြင့် စိတ်အေးချမ်းသာစွာ သွားလာလျက်ရှိကြောင်းနှင့် ကုန်စည် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများ လွယ်ကူ မြန်ဆန်စွာဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ဟန်ဂေရီနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၀

၂၀၀၆ခုနှစ် ဩဂုတ်၂၀ရက်တွင် ကျရောက်သော ဟန်ဂေရီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ ဟန်ဂေရီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာကင်းဂါ၊ ဂွန့်ဂျ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေး မွမ်းမံသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

ဧရာဝတီတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ကကြီးမှူး၍ ဧရာဝတီတိုင်း လူမှုဝန်ထမ်းဦးစီးဌာနနှင့် တိုင်းကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း ဖွင့်လှစ်သော ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးမွမ်းမံ သင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၅ရက် မွန်းလွဲ၁နာရီတွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပရာ ရှေးဦးစွာ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဘက်စုံဖွံ့ဖြိုးရေး လုပ်ငန်းများအား နိုင်ငံအတွင်း အစိုးရဌာနများနှင့် စေတနာ ဝန်ထမ်းအဖွဲ့အစည်းများက ဝိုင်းဝန်းဆောင်ရွက်ပေးနေမှု၊ မူကြိုကလေးငယ်များအား ပြုစုစောင့်ရှောက်မှုလုပ်ငန်းများကို တိုင်းအတွင်း ကျယ်ပြန့်စွာ ဆောင်ရွက်ပေးနေမှုနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြု လုပ်ငန်းရပ်များတွင် အားလုံးဝိုင်းဝန်းကူညီပါဝင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ရည်ရွယ်ချက်

ထို့နောက်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် တိုင်းလူမှုဝန်ထမ်းဦးစီးမှူး ဦးသာထွန်းက ကလေးသူငယ် စိတ်ပညာနှင့် ပြုစုပျိုးထောင်ရသူများအဖို့ ဂရုပြုရမည့် အချက်များနှင့် သင်တန်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

သင်ကြားမည်

အဆိုပါသင်တန်းတွင် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ် ၂၆မြို့နယ်တွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများမှ ဖွင့်လှစ်ထားသော မူကြိုကျောင်း ၈၃ကျောင်းရှိ မူကြိုဆရာမ ၄၅ဦးတက်ရောက်ကြပြီး ၁၀ရက်ကြာ လေ့ကျင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မွမ်းမံသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ငါးထပ်ကြီးအရှင်ဇနိန္ဒာလင်္ကာရ၏တရားပွဲ

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း ဝဲပုံကျောင်းတိုက် စကြာနန္ဒာကျောင်းမှ မဟာစည်နယ်လှည့်ဓမ္မကထိက အရှင်ဇနိန္ဒာလင်္ကာရ (သာမဏေကျော်၊ ဝိနယဝိဒူ၊ ဓမ္မာစရိယ)အရှင်သူမြတ်သည် ဝါခေါင်လကွယ်နေ့ ညနေ၅နာရီတွင် ဒဂုံမြို့သစ် အရှေ့ပိုင်း အမှတ်(၄)ရပ်ကွက် မြတ်ခမ်းကောင်ပရဟိတကျောင်းတိုက် ဝါတွင်းတရားပွဲ၌ သတိပဋ္ဌာန် ဝိပဿနာတရားတော်များ ဟောကြားမည်ဟုသိရသည်။ **(က–ပ)**

ဩဂုတ် ၁၈ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါပုံမြို့နယ်ရုံး၏ စီစဉ်မှုဖြင့် ပုသိမ်မြေရပ်ကွက် အလင်းရောင်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်နှင့် နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲကို ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အုံးညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

မရမ်းကုန်းမြို့နယ်အမှတ်(၁၄)မူလတန်းကျောင်း ကျောင်းကျန်းမာရေးရက်သတ္တပတ်အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန် အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ကြီးကြပ်မှုဖြင့် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ မရမ်းကုန်းမြို့နယ် အမှတ်(၁၄) အခြေခံပညာမူလတန်းကျောင်း၏ ကျောင်းကျန်းမာရေးရက်သတ္တပတ်အဖြစ် ကျောင်းသန့်ရှင်းရေး၊ အာဟာရတိုက်ကျွေးမွေးပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၈ရက်တွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သင်းသင်းမိုး၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးနေဝင်းနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်ခင်သန်းနွယ်နှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးနှင့် အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းတင့်နှင့် အဖွဲ့ဝင်များ၊ မိဘဆရာအသင်း အမှုဆောင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်အေးနှင့် ဆရာ ဆရာမများ၊ မြို့နယ်ကြက်ခြေနီ တပ်ခွဲမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ အသင်းဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

စုပေါင်းဆောင်ရွက်

ရှေးဦးစွာ မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျောင်းသားကျောင်းသူ ၅၂၂ဦးတို့အား ဘဲသားဆန်ပြုတ် အာဟာရကျွေးမွေးပြီး ကျောင်းကျန်းမာရေးလုပ်ငန်းအဖြစ် ကျောင်းသား ကျောင်းသူများအား တစ်ကိုယ်ရေ သန့်ရှင်းမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည့် ဆေးဝါးများကို ထောက်ပံ့ပေးအပ်ကာ ကျောင်းတွင်း၊ ကျောင်းပြင် သန့်ရှင်းရေးကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းနောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သင်းသင်းမိုးက အမှာစကားပြောကြားပြီး ခရိုင်နှင့်မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့က ငွေကျပ်၁၅၀၀၀စီ၊ ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်၁၃၀၀၀၀၊ ဦးမောင်မောင်–ဒေါ်စန်းမြင့်မိသားစုက ငွေကျပ် ၁၅၀၀၀၀၊ ဦးချန်ဒရား–ဒေါ်မြင့်မြင့် မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ ဦးဝင်းဦး–ဒေါ်တင်တင်မော် မိသားစုက ငွေကျပ်၇၀၀၀၀၊ ဦးခင်မာင်လွင် မိသားစုက ငွေကျပ် ၅၀၀၀၀ အပါအဝင် အလှူရှင် ၁၈ဦးတို့က စုစုပေါင်းအလှူငွေ ကျပ် ၆၉၃၀၀၀ကို ပေးအပ်လှူဒါန်း ကြပြီး တာဝန်ရှိသူများက လက်ခံကြ၍ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အစ္စရေးတပ်ဖွဲ့ တပ်စွဲထားသောဒေသများ ကုလတပ်ဖွဲ့ဝင်များထံသို့ လွှဲပြောင်းပေးအပ်

ဂျေရုဆလင် ဩဂုတ် ၁၉

လက်ဘနွန်တောင်ပိုင်းတွင် တပ်စွဲထားသော အစ္စရေးတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၇ရက် နံနက်မှစတင်ကာ ကုလသမဂ္ဂတပ်ဖွဲ့ဝင်များအား ၎င်းတို့ တပ်စွဲထားသောနေရာ ဒေသများကို လွှဲပြောင်းပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ အစ္စရေးတပ်ဖွဲ့ဝင်များ ရုပ်သိမ်းပေးမှုမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အရ ၎င်းတို့ထိန်းချုပ်ထားသော ဒေသများမှ အစ္စရေးတပ်ဖွဲ့ဝင်များကို စတင်ရုပ်သိမ်းခြင်းလည်းဖြစ်ကြောင်း အစ္စရေးစစ်ဘက်က ထုတ်ပြန်သည့်သတင်း၌ ဖော်ပြသည်။

မိမိတို့တပ်ဖွဲ့ဝင်များ အနေဖြင့် ယခုအချိန်မှစတင်ကာ တပ်စွဲထားသောနေရာများကို လွှဲပြောင်းပေးနေပြီဖြစ်ကြောင်း၊ ကုလသမဂ္ဂတပ်ဖွဲ့ဝင်များလက်သို့ လောလောဆယ်နယ်မြေ ၅၀ရာခိုင်နှုန်းကို လွှဲပြောင်းပေးလျက်ရှိကြောင်း ကျန်နယ်မြေ ၅၀ရာခိုင်နှုန်းမှာ မိမိတို့တပ်များလက်ထဲ၌ ရှိနေဆဲဖြစ်ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၏ ဆုံးဖြတ်ချက်တွင် လက်ဘနွန်တောင်ပိုင်းနယ်မြေများ၌ ကုလသမဂ္ဂတပ်ဖွဲ့ဝင် အရေအတွက် ၂၀၀၀မှ ၁၅၀၀၀အထိ ဖြန့်ချမည်ဖြစ်သည်။

လက်ဘနွန် တပ်ဖွဲ့ဝင်များသည် အစ္စရေးနယ်စပ်နှင့် မဝေးကွာသော လီတာနီမြစ်မြောက်ပိုင်းဒေသများတွင် တပ်ဖြန့်ချထားမည်ဖြစ်သည်။ လက်ဘနွန် တပ်ဖွဲ့ဝင်များကလည်း ဩဂုတ် ၁၇ရက် နံနက်မှစတင်ကာ လီတာနီမြစ်ကို ဖြတ်ပြီး တပ်ဖြန့်ချရေးကို ဆောင်ရွက်လျက်ရှိရာ နှစ်ပေါင်း ၄၀အတွင်း အဆိုပါဒေသ၌ လက်ဘနွန်တပ်ဖွဲ့ဝင်များကို ပထမဆုံး ဖြန့်ချနိုင်ခြင်းပင် ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပေါ်တူဂီ၏ သစ်တောမီးလောင်ပြင်ကို ဩဂုတ်၁၅ရက်က ဝေဟင်မှ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပေါ်တူဂီနိုင်ငံတောမီး ယခုနှစ်အတွင်းဟက်တာ ၄၉၀၀၀ ကျော်လောင်ကျွမ်းခဲ့

လစ္စဘွန်း ဩဂုတ် ၁၉

ပေါ်တူဂီနိုင်ငံတွင်ပြီးခဲ့သည့် ၁၅ ရက်က သစ်တောမီးလောင်မှုကြောင့် သစ်တောဟက်တာ ၃၆၂၉၀ အပါအဝင် ယခုနှစ်တွင် သစ်တောဧရိယာ စုစုပေါင်း ၄၉၈၈၁ ဟက်တာ မီးလောင်ကျွမ်းခဲ့ရကြောင်း ဥရောပသမဂ္ဂက ဩဂုတ် ၁၇၌ ထုတ်ပြန်သော သတင်း၌ ဖော်ပြထားသည်။

ထိုသို့ မီးလောင်ကျွမ်းသည့် ဧရိယာတွင် သစ်တောများအတိ ဖုံးလွှမ်းနေသော ဧရိယာမှာ ဟက်တာ ၃၆၂၉၀ရှိရာ ထိုအကျယ်အဝန်းသည် ပေါ်တူဂီနိုင်ငံမြို့တော် လစ္စဘွန်း အကျယ်အဝန်း၏ လေးဆခန့်နှင့်ညီမျှကြောင်း အဆိုပါသတင်း၌ ဆက်လက်ဖော်ပြသည်။

ဖမ်းဆီးခဲ့

မီးလောင်ကျွမ်းမှုမှာလည်း ဇူလိုင် ၃ရက်မှ ဩဂုတ် ၁၅ရက်အတွင်း မီးလောင်ခဲ့ခြင်းဖြစ်သည်။ ပေါ်တူဂီနိုင်ငံ အလယ်ပိုင်းတွင်ရှိသော သစ်တော မီးလောင်မှုတွင် သံသယရှိသူ အသက် ၃၅နှစ်အရွယ်အမျိုးသမီးတစ်ဦးအား ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

သစ်တောမီးလောင်မှုများနှင့် ပတ်သက်၍ ဖမ်းဆီးမှုမှာ ပေါ်တူဂီနိုင်ငံတွင် ယခုအမျိုးသမီးမှာ ပထမဆုံးဖြစ်ကြောင်း ပေါ်တူဂီရဲတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နယူးယောက်၌ မြေအောက်ရထားမီးလောင်

နယူးယောက် ဩဂုတ် ၁၉

နယူးယောက်မြို့ မြေအောက်မီးရထားပေါ်တွင် ဩဂုတ် ၁၆ရက်က နာရီအတန်ကြာမီးလောင်မှုဖြစ်ပွားခဲ့ရာ ခရီးသည် ထောင်ပေါင်းများစွာကို ဘေးကင်းရာသို့ အလျင်အမြန်ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ လူများစွာ ထိခိုက်ဒဏ်ရာရရှိမှုဖြစ်ခဲ့ရကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွား

မီးလောင်မှု ဖြစ်ပွားရခြင်းမှာ ဘရုတ်ကလင်းနှင့် ဘရွန်ဘူတာ အကြား မင်ဟက်တန်အရပ်ကို ဖြတ်သန်းရာ ဒေသစံတော်ချိန် ညနေခြောက်နာရီခန့်၌ မီးလောင်မှုဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

မီးလောင်မှုကြောင့် ရထားပေါ်မှ ခရီးသည် ၃၀၀၀နှင့် ၄၀၀၀ခန့်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး ခရီးသည် ၁၂ဦးနှင့် မီးသတ်သမား သုံးဦးတို့ အနည်းငယ် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

မီးလောင်မှုမှာ မတော်တဆဖြစ်ရပ်ကြောင့်ဖြစ်ပြီး အကြီးအကျယ် ထိခိုက်ပျက်စီးမှုမရှိကြောင်း နယူးယောက်မြို့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ၏ မီးရထား လမ်းများဖောက်လုပ်ရေး ပထမခုနှစ်လအတွင်း ဒေါ်လာ ၉ဘီလီယံကျော် ရင်းနှီးမြှုပ်နှံ

ပေကျင်း ဩဂုတ် ၁၉

တရုတ်နိုင်ငံသည် ယခုနှစ် ဇန်နဝါရီမှ ဇူလိုင်လအတွင်း မီးရထားလမ်းများ တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၉ဒသမ ၀၆ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့ရာ ယခင်နှစ် အလားတူကာလကထက် ၁ဒသမ ၈ဆ ပိုမိုများပြားခဲ့ကြောင်း တရုတ်နိုင်ငံ မီးရထားလုပ်ငန်းဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပေကျင်းမြို့၌ ပြောကြားသည်။

အသုံးပြု

တရုတ်နိုင်ငံအစိုးရအနေဖြင့် ပြီးခဲ့သည့်နှစ် အလားတူကာလက မီးရထားလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုအဖြစ် အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၃၅၇ ဘီလီယံကို အသုံးပြုခဲ့သည်ဟုလည်း အဆိုပါပြောရေးဆိုခွင့်ရှိသူ ဝမ်ယွန်ပင်းက ပြောကြားသည်။

ရင်းနှီးမြှုပ်နှံ

ထို့အတူ ဒေသဆိုင်ရာအစိုးရများနှင့် ကုမ္ပဏီများကလည်း မီးရထားလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ယွမ်ငွေ ၁၈ဒသမ ၅၈၈ဘီလီယံ သုံးစွဲခဲ့ရာ နှစ်ချင်းအလိုက် တိုးတက်မှုမှာ ၅ ဒသမ ၅ဆရှိကြောင်း အဆိုပါ ရင်းနှီးမြှုပ်နှံမှုငွေကြေးများမှာ အစိုးရပိုင်လုပ်ငန်းများနှင့် ပူးတွဲလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ကြခြင်းဖြစ်သည်။

ထိုသို့ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာရခြင်းမှာ တရုတ်အစိုးရ၏ မီးရထားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် မူဝါဒအသစ်များကြောင့်ဖြစ်ပြီး မီးရထားလမ်းများ တည်ဆောက်ရေးအတွက် ဒေသဆိုင်ရာအစိုးရများနှင့် ကုမ္ပဏီများက တက်တက်ကြွကြွ ရင်းနှီးမြှုပ်နှံလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခန့်မှန်း

တရုတ်နိုင်ငံအနေဖြင့် ၂၀၀၆ခုနှစ်မှ ၂၀၁၀ပြည့်နှစ်အထိ မီးရထားလမ်းများ ဖောက်လုပ်ရေးအတွက် တရုတ်ယွမ်ငွေ ၁ ဒသမ ၅ ထရီလီယံ လိုအပ်မည်ဟု ခန့်မှန်းထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ဟူကျိုမြို့ ရိုးရာဝတ်စားဆင်ယင်မှုပြပွဲ၌ တရုတ်အမျိုးသမီးတစ်ဦးကို ဩဂုတ် ၁၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်တွင် ရေလွှမ်း ဒေသခံထောင်ပေါင်းများစွာ ရေဘေးဒုက္ခကြုံတွေ့

အမီဒါဘတ် ဩဂုတ် ၁၉

အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်တွင် ဩဂုတ် ၁၆ရက်က ရေလွှမ်းမိုးမှုကြောင့် လူထောင်ပေါင်းများစွာ ရေဘေးဒုက္ခခံစားနေရကြောင်း ၎င်းတို့၏ နေအိမ်များမှာလည်း ရေနစ်မြုပ်လျက်ရှိကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းပြီး ရေဘေးဒုက္ခကြုံတွေ့နေရသူများအား အိန္ဒိယစစ်ဘက်မှ ရဟတ်ယာဉ်များ၊ ရေယာဉ်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအခါ မြစ်ရေများလျှံထွက်ခြင်းကြောင့် နေအိမ်များ၊ လယ်ကွင်းများ ရေလွှမ်းလျက်ရှိသည်။

ရွှေ့ပြောင်း

ယခုအခါ အမီဒါဘတ်မြို့နှင့် ကျေးရွာ ၄၀ခန့်တွင် ဒေသခံများအနေဖြင့် ၎င်းတို့၏ နေအိမ်များကို စွန့်ခွာခဲ့ကာ ဘေးကင်းရာသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

အိန္ဒိယနိုင်ငံ၏ တောင်ပိုင်းနှင့် အနောက်ပိုင်းဒေသများတွင် မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများ ဆိုးရွားစွာ ဖြစ်ပေါ်ရာ

အိန္ဒိယ နိုင်ငံတစ်ဝန်းတွင် လူလေး ၄၀၀ခန့် သေဆုံးခဲ့ရသည်။
သန်းခန့် ရေဘေးဒုက္ခကြုံတွေ့နေရပြီး

အမ်အင်အေ၊ရိုက်တာ

အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်တွင် ရေလွှမ်းမိုးနေနေသည်ကို ဩဂုတ် ၁၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံတစ်ဝန်း မိုးကြိုးပစ်ခံရမှုကြောင့် ယခုနှစ် ပထမခြောက်လအတွင်း လူ ၂၃၆ဦးသေဆုံး

ကူမင်း ဩဂုတ် ၁၉

တရုတ်နိုင်ငံတောင်ပိုင်း ယူနန်ပြည်နယ်တွင် ယခုနှစ်အတွင်း မိုးကြိုးပစ်ခံရမှုကြောင့်သေဆုံးသူ ၃၄ဦးအထိရှိကြောင်း ပြည်နယ်အာဏာပိုင်များက ဩဂုတ် ၁၆ ရက်၌ ပြောကြားလိုက်သည်။

ယူနန်ပြည်နယ်တွင် ယခုနှစ်၌ မိုးကြိုးပစ်ချမှု ၄၂၇ကြိမ် ဖြစ်ပေါ်ခဲ့ရာ လူ ၃၄ဦးသေဆုံးပြီး ၂၇ဦး ဒဏ်ရာရရှိခဲ့သည်ဟု ယူနန်ပြည်နယ် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာဗျူရိုက ပြောကြားသည်။

ပစ်မှတ်သဖွယ်

နောက်ဆုံး သေဆုံးသူသုံးဦးမှာ လယ်ကွင်းပြင်မှနေ၍ သစ်ပင်အောက်သို့ ပြေးဝင်ခိုလှုံစဉ် မိုးကြိုးပစ်ခြင်းခံရသူများ ဖြစ်သည်။ ထိုသို့ပြုမူခြင်းသည် မိုးကြိုးပစ်ချခံရမှု ပစ်မှတ်သဖွယ်ဖြစ်ကြောင်း အဆိုပါဗျူရိုမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ထိခိုက်ပျက်စီး

ကူမင်းမြို့တွင်လည်း ယခုနှစ်၌ မိုးကြိုးပစ်မှုကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ အမေရိကန်ဒေါ်လာ ၁ဒသမ၂၅သန်းခန့် ရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ တရုတ်နိုင်ငံတစ်ဝန်း၌ ၂၀၀၆ခုနှစ် ပထမခြောက်လအတွင်း မိုးကြိုးပစ်မှုကြောင့် လူ ၂၃၆ ဦး သေဆုံးပြီး ၂၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အမ်အင်အေ၊ ဆင်ဟွာ

ကနေဒါနိုင်ငံ၌ လေယာဉ်ငယ်ပျက်ကျ၊ လူခြောက်ဦးသေဆုံး

ကနေဒါနိုင်ငံ၌ လေယာဉ်ငယ်တစ်စင်း ပျက်ကျသည်ကို ဩဂုတ် ၁၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကနေဒါ ဩဂုတ် ၁၉

ကနေဒါနိုင်ငံ အနောက်မြောက်ပိုင်း တောင်ထူထပ်သည့် နေရာတွင် ဩဂုတ် ၁၆ရက်က လေယာဉ်ပျံငယ်တစ်စင်းပျက်ကျရာ လူခြောက်ဦး သေဆုံးခဲ့သည်။

ပြောကြား

နော့ရိုက်လေကြောင်းလိုင်းမှ ခရီးသည် ငါးဦးနှင့်လေယာဉ်မောင်း တစ်ဦးပါရှိသော လေယာဉ်သည် နော်မန်ဝဲလ်မြို့သို့ ဆိုက်ရောက်ရမည့် အချိန်မွန်းလွဲ ၁နာရီ၁၅မိနစ်အထိ ဆိုက်ရောက်ခြင်းမရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရှာဖွေတွေ့ရှိ

အဆိုပါ လေယာဉ်သည် မွန်းလွဲ ၂နာရီမိနစ်၅၀အထိ မဆိုက်ရောက်လာသဖြင့် စုံစမ်းရေးနှင့် ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ကာ ရှာဖွေမှု ပြုလုပ်ခဲ့ရာမှ ပျက်ကျနေသော လေယာဉ်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

လေယာဉ်ပျက်ကျသည့် အကြောင်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

စင်ကာပူစီးပွားရေးလုပ်ငန်းများ၌ အိုင်တီ တိုးတက်အသုံးပြုမည်

စင်ကာပူ ဩဂုတ် ၁၉

စင်ကာပူနိုင်ငံသည် ပြည်တွင်းရှိ ကုမ္ပဏီအတွက် သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများကို ပိုမိုတိုးတက် အသုံးပြုသွားမည်ဖြစ်ကြောင်း ဩဂုတ် ၁၇ ရက်က သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ အိုင်တီနည်းပညာအသုံးပြုမှုသည် အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ အပါအဝင် ကုမ္ပဏီအများအပြားကို တစ်ဆင့်ပြီးတစ်ဆင့် အထောက်အကူပေးသွားရန်နှင့် သတင်းနည်းပညာရပ်များမှ အကျိုးကျေးဇူးရရှိရေးကို အကူအညီပေးသွားမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံပြန်ကြားရေး၊ ဆက်သွယ်ရေးနှင့် အနုပညာဆိုင်ရာ ဒုတိယဝန်ကြီး ဗီဗင်ဘလာခရစ်ရှန်က စင်ကာပူတွင်ပြုလုပ်သည့် ကွန်ဖရင့်တစ်ရပ်၌ ပြောကြားသည်။

စီးပွားရေးလုပ်ငန်းများ အနေဖြင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဖြစ်စဉ်နှင့် စံနှုန်းများ၏ အခြေခံလိုအပ်ချက်များအပေါ် အိုင်တီနည်းပညာက လမ်းညွှန်ဆောင်ရွက်ပေးသွားနိုင်အောင် စီစဉ်ထားကြောင်း သိရသည်။

စင်ကာပူစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် အိုင်တီကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုပြုလုပ်သွားကြရေးနှင့် အိုင်တီအကျိုးကျေးဇူးခံစားကြရန် တိုက်တွန်းထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပေကျင်းမြို့နေပြည်သူများ အသက်ပိုရှည်

ပေကျင်း ဩဂုတ် ၁၉

ပေကျင်းမြို့နေပြည်သူများ၏ နေထိုင်ရမှုသက်တမ်းသည် ပျမ်းမျှ ၈၀ ဒသမ ၀၉နှစ်အထိ ရောက်ရှိလာကြောင်း တရုတ်နိုင်ငံ အမျိုးသားစာရင်းအင်းဗျူရိုနှင့် ပေကျင်းဗျူရိုတို့က ပူးပေါင်းထုတ်ပြန်သော စာရင်းဇယား၌ ဖော်ပြထားသည်။

အဆိုပါ စာရင်းဇယားကိန်းဂဏန်းများကို ဩဂုတ် ၁၅ ရက်၌ ဖော်ပြထားခြင်းဖြစ်ပြီး ၂၀၀၀ပြည့်နှစ်ကစတင်ကာ ပေကျင်းမြို့နေ ပြည်သူများတစ်နှစ်ထက်တစ်နှစ် သက်တမ်းပိုရှည်လာကြကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအရပျမ်းမျှ၁၀ဆ တိုးမြှင့်လာကြောင်း သိရသည်။

တိုးမြှင့်လာ

ယခုအခါ အသက် ၈၀ဒသမ ၇၆နှစ် ပျမ်းမျှရှိသော တရုတ်အမျိုးသမီးများအတွက် တစ်စထက် တစ်စ အသက်ရှည်မှု တိုးမြှင့်လာခြင်းမှာ မျှော်လင့်ချက်တစ်ရပ်ပင် ဖြစ်ကြောင်းလည်း အဆိုပါ ဗျူရိုမှထုတ်ပြန်သော သတင်း၌ဖော်ပြသည်။

ပျမ်းမျှသက်တမ်း

ပေကျင်းမြို့နေ ပြည်သူများသည် ကမ္ဘာ့ဖွံ့ဖြိုးပြီး နိုင်ငံများကဲ့သို့ပင် ပျမ်းမျှသက်တမ်းရှည်မှု အနေအထားသို့ ချဉ်းကပ်လာနေကြောင်း တရုတ်ပြည်သူ့တက္ကသိုလ်မှ ပါမောက္ခ ဒူအင်ချန်ရွှန်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ရုရှားနိုင်ငံဆာခါလင်ကျွန်း၌ အင်အားပြင်းငလျင်လှုပ်

မော်စကို ဩဂုတ် ၁၉

ရုရှားနိုင်ငံ ဆာခါလင်အနောက်တောင်ပိုင်း၌ ၆ဒသမ ၁ရစ်ချ်တာစကေးရှိ အင်အားပြင်း ငလျင်တစ်ခု လှုပ်ခဲ့ကြောင်း ဒေသမြေငလျင်တိုင်းတာရေး အေဂျင်စီက ပြောကြားသည်။

ထိုမြေငလျင်သည် မြောက်လတ္တီတွဒ် ၄၆ဒသမ၆နှင့် အရှေ့လောင်ဂျီတွဒ် ၄၁ဒသမ၉ကို ဗဟိုပြုလျက် ဂျပန်နိုင်ငံ ဆာပိုလိုမြောက်ဘက်ကီလိုမီတာ ၃၉၀ခန့်နှင့် ဆာခါလင်အနောက်တောင်ဘက် အချို့တွင် မြေငလျင် လှုပ်ရှားသွားသည်။

ဆာခါလင်မြို့တွင် အင်အားပြင်းငလျင်များ လှုပ်ရှားလျက်ရှိရာ ၁၉၉၅ခုနှစ် မေ ၂၇ရက်က ဆာခါလင်ကျွန်းတွင် လှုပ်ရှားခဲ့သော ၇ဒသမ ၅ ရစ်ချ်တာစကေးရှိ မြေငလျင်ကြောင့် လူပေါင်း ၁၈၀၀ကျော် သေဆုံးခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

လက်ဘနွန် ပြန်လည်တည်ဆောက်ရေး ဆော်ဒီအာရေဗျက ဒေါ်လာ၆သန်းကျော်ကူညီမည်

ကူဝိတ်စီးတီး ဩဂုတ် ၁၉

လက်ဘနွန်နိုင်ငံသို့ အကူအညီပေးမှု အသစ်တစ်ရပ်အဖြစ် အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ သန်းကူညီမည်ဖြစ်ကြောင်း ဆော်ဒီအာရေဗျနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး နာယက်ဖ်ဘင်အဗ္ဗဒူလာအဇစ်က ဩဂုတ် ၁၆ ရက်၌ အမိန့်ထုတ်ပြန်လိုက်ကြောင်း ကူဝိတ်နိုင်ငံပိုင် သတင်းဌာနကူနာက သတင်းထုတ်ပြန်သည်။

လက်ဘနွန်ပြည်သူများ အတွက် စားနပ်ရိက္ခာများ အပါအဝင်အခြား အကူအညီများကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဆော်ဒီအာရေဗျနိုင်ငံပြည်သူ့စည်းရုံးရေးဌာနမှ အကြီးအကဲ ရိုတ်အယ်အိုရာဘီက သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ထုတ်ဖော်ပြောကြားသည်။

ဆွေးနွေးညှိနှိုင်း

ထို့အပြင် လက်ဘနွန်အာဏာပိုင်များနှင့်အတူ ကူညီထောက်ပံ့ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

တည်ဆောက်

ဆော်ဒီအာရေဗျ အစိုးရကလည်း လက်ဘနွန်နိုင်ငံ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေတစ်ရပ် ထူထောင်ပေးရန် လက်ဘနွန်ဗဟိုဘဏ်တွင် အမေရိကန်ဒေါ်လာတစ်ဘီလီယံကို ခွင့်ပြုပေးခဲ့ရာ ကြိုတင်ငွေအမေရိကန်ဒေါ်လာသန်း ၅၀၀ ကို ထည့်ပေးမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဗီယက်နမ်၌ အဝလွန်သူ များပြား

ဟန္နိုင်း ဩဂုတ် ၁၉

ဗီယက်နမ်နိုင်ငံတွင် အသက် ၂၅ နှစ်မှ ၆၄ နှစ်အရွယ်အကြား ပြည်သူများအနေဖြင့် အဝလွန်မှုအနေအထားမှာ ၁၆ ဒသမ ၈ ရာခိုင်နှုန်းကျော်ရှိရာ အာရှစံနှုန်းအောက်တွင် ရှိနေကြောင်း ဗီယက်နမ်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနမှ ဩဂုတ် ၁၇ ရက်၌ သတင်းထုတ်ပြန်သည်။

အသက် ၄၅ နှစ်ကျော် အဝလွန်သူများသည် အဝလွန်သူအားလုံး၏ သုံးပုံနှစ်ပုံရှိကြောင်း မကြာမီကပြုလုပ်သည့် သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြသည်။ အဆိုပါ အဝလွန်သူများမှာ ဗီယက်နမ်နိုင်ငံ၏ မြို့ပြနေ လူတန်းစားများ၌ အများဆုံးဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသားများ အနေဖြင့် ဆား၊ ဆန်နှင့် အခြားဝဖြိုးစေသော အစားအစာများကို စားသုံးမှု များကြောင်း၊ ဗီယက်နမ်နိုင်ငံသား တစ်ဦးသည် တစ်နေ့လျှင် ဆား ၁၈ ဂရမ်မှ ၂၂ ဂရမ်၊ အသားဂရမ် ၈၀နှင့် ဆန်ဂရမ် ၃၅၀ တို့အား နေ့စဉ်စားသုံးလေ့ရှိကြောင်း သိရသည်။

ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနမှ အဝလွန်မှု လျှော့ချရန်နှင့် အစားအစာများကို ဆင်ခြင်စားသုံးရန် နှိုးဆော်ထားသည်။ သုတေသနပြုချက်ကို ဗီယက်နမ်မိသားစု ၇၆၀၀ မှ မိသားစုဝင် ၁၄၂၄၅ တို့အား ကွင်းဆင်းသုတေသနပြုခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဥရောပ၌အရှည်ဆုံးသစ်သားတံတား



ဥရောပတွင် သစ်သားဖြင့် ပြုလုပ်ထားသော အရှည်ဆုံးတံတား တစ်ခုကိုတွေ့ရစဉ်။ (ယာပုံ)

အဆိုပါတံတားကို ဂျာမနီနိုင်ငံ အရှေ့ပိုင်းဂီရာမြို့အနီး ရွှန်နေဘတ်အရပ်၌ ဆောက်လုပ်ထားခြင်းဖြစ်သည်။ ၎င်းသစ်သားတံတားသည် ပုလင်းတစ်လုံးပုံစံဒီဇိုင်းဖြစ်ပြီး အရှည်၇၈၇ပေရှည်ကြောင်း၊ ဥရောပတိုက်၌ အရှည်ဆုံး သစ်သားတံတား တစ်ခုဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အေဒီ ၇၀၀ ခန့်က ရွှေထည်ပစ္စည်း

လွန်ခဲ့သော အေဒီ ၇၀၀ခန့်က ပြုလုပ်ခဲ့သော ရွှေထည်ပစ္စည်း တစ်ခုကို တွေ့ရစဉ်။ (ဝဲပုံ)

အဆိုပါ ရွှေထည်ပစ္စည်းကို ပီရူးနိုင်ငံမြောက်ပိုင်း သင်္ချိုင်းဂူတစ်ခုအတွင်းမှ ရှာဖွေတွေ့ရှိခဲ့ရခြင်းဖြစ်ပြီး ထိန်းသိမ်းထားခဲ့ရာမှ ပျောက်ဆုံးခဲ့သော ရွှေထည်ပစ္စည်း ဖြစ်သည်။

ပီရူးတို့၏ ရှေးအကျဆုံးယဉ်ကျေးမှု လက်ရာပစ္စည်း တစ်ခုဖြစ်ပြီး လွန်ခဲ့သောအေဒီ ၇၀၀ခန့်က ပြုလုပ်ခဲ့သည့်ပစ္စည်းလည်း ဖြစ်သည်ဟု သုတေသန ပညာရှင်များက ပြောကြားသည်။ ၎င်းပစ္စည်းကို ယခုအခါ လန်ဒန် မြို့၌ ပြန်လည်ရှာဖွေတွေ့ရှိခဲ့သည်။ **(အင်တာနက်)**

တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ပုသိမ်-ချောင်းသာလမ်းနှင့်တံတားများစစ်ဆေး အသက် ၁၇နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားတက်ရောက်

ရန်ကုန် ဩဂုတ် ၁၉

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၆ ရက်က ပုသိမ်-ချောင်းသာမော်တော်ကားလမ်းအတိုင်း လမ်း၊တံတားအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၁၁)တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့က ဆောင်ရွက်နေသော ပေ ၁၂၀အရှည်ရှိ ကလောခုံတံတား ကြံ့ခိုင်ရေးဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ချောင်းသာကမ်းခြေသို့ ရောက်ရှိပြီး ကမ်းခြေဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ၏ ရှင်းလင်းတင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်မှာကြားကာ အဝေးပြေးယာဉ်ရပ်နားစခန်း(ချောင်းသာ) တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

၎င်းနောက် တိုင်းမှူးနှင့်အဖွဲ့များအား တည်ဆောက်ရေးလုပ်ငန်း တာဝန်ခံက လုပ်ငန်းခွင်အတွင်း လိုက်လံရှင်းလင်းတင်ပြရာ တိုင်းမှူးက ယာဉ်ဝင်လမ်း၊ ထွက်လမ်းကောင်းမွန်ရေး၊ မော်တော်ယာဉ်များ စနစ်တကျရပ်နားနိုင်ရန် ဆောင်ရွက်ရေး၊ သပ်ရပ်ခိုင်ခံ့မှုနှင့် ကျယ်ပြန့်သန့်ရှင်းမှုကို ဦးစားပေး ဆောင်ရွက်သွားရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေး မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်သည် ချောင်းသာဒေသ လူနေရပ်ကွက်များ ဖွဲ့စည်းမှုနှင့် လမ်းများ အခြေအနေကိုလည်းကောင်း၊ တိုက်နယ်ဆေးရုံ၏ ဓာတ်မှန်ခန်းတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တက်ရောက်အားပေး

ညနေပိုင်းတွင် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပုသိမ်မြို့ တိုင်းအားကစားကွင်း၌ ပြုလုပ်သော ၂၀၀၆ခုနှစ် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ငါးခရိုင် အသက် ၁၇နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ပေးအပ်

ထို့နောက် ဆုချီးမြှင့်ပွဲကို ပြုလုပ်ရာ တိုင်းဘောလုံးပြိုင်ပွဲ ဆပ်ကော်မတီဥက္ကဋ္ဌ တိုင်းဦးစီး ဗိုလ်မှူးကြီးတင့်ဆွေနှင့် တာဝန်ရှိသူများက ဗိုလ်လုပွဲစဉ် အကောင်းဆုံးအားကစားသမားဆုရရှိသူနှင့် ပြိုင်ပွဲဒုတိယ၊ ပထမဆုရအသင်းများအား ဆုပေးအပ်ချီးမြှင့်သည်။

ချီးမြှင့်

ထို့နောက် တိုင်းမှူး**(အပေါ်ပုံ)**က ပထမဆုရရှိသော ပုသိမ်ခရိုင်ဘောလုံးအသင်းအား တံခွန်စိုက်ဆုဖလားကို အသင်းအုပ်ချုပ်သူနှင့် အသင်းခေါင်းဆောင်တို့ထံ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၃၂)ကြိမ်မြောက် မဟာဘုံမွှာသက ဆွမ်းလောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၉

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ရတနာမာရ်အောင်တောရကျောင်းတိုက်၏ ဦးစီးပဓာနနာယက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိဇ္ဇာဗလ (ကမ္ဘာ့ရွှေရင်အေးဆရာတော်ကြီး) ကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက် မဟာဘုံမွှာသက ဆွမ်းလောင်းပွဲတော်ကို ဩဂုတ် ၃၁ ရက် (ကြာသပတေးနေ့) နံနက်၅နာရီတွင် ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် ပင့်သံဃာတော် အပါး၂၀၀နှင့်တကွ သီလရှင်အပါး ၁၀၀တို့အား ဆွမ်းဆန်တော်၊ ငွေပဒေသာပင်မဲများနှင့်အတူ ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်း ပူဇော်သွားမည်ဖြစ်ပြီး နံနက် ၉ နာရီတွင် ဓမ္မစကြာဓမ္မာရုံတော်ကြီး၌ ရေစက်ချတရား ဟောကြားမည်ဖြစ်ရာ ဆရာတော်ကြီး၏ ရပ်နီးရပ်ဝေးမှ တပည့် ဒါယကာ၊ ဒါယိကာမများ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၀-၈-၂၀၀၆ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၁၀	၆။	အတီးပြိုင်ပွဲ
၈:၂၀	၇။	ပန်းလှိုင်တံတား
၈:၃၀	၈။	International News
၈:၄၅	၉။	Say it in English

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၅	၄။	Yan Can Cook.
၁၂:၀၀	၅။	မြန်မာရုပ်ရှင် **"သြော် မိန်းမ မိန်းမ"** ညွှန့်ဝင်း၊ ချိုပြုံး (ဒါရိုက်တာ-ဦးသုခ)
၁၄:၂၅	၆။	မျှော်လင့်ခြင်းများစွာ...၏ ရင်ခုန်သံ(၂)
၁၄:၃၅	၇။	**"ဆွေမျိုးတော်ပေမယ့်"** (ဒုရဲမှူး တင်လင်း၊ ဆောင်းအိမ်ခြွေထွန်း၊ ဇေဒါ) (ဒါရိုက်တာ-သက်တင်)
၁၄:၄၅	၈။	International News.

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use.
၁၆:၄၅	၄။	သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
၁၇:၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၃၀	၇။	ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၀၀	၈။	ညနေခင်းသတင်း
၁၈:၃၀	၉။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၀။	သီရိဂေဟာ
၁၉:၀၀	၁၁။	Discovery.
၁၉:၁၅	၁၂။	အကပြိုင်ပွဲ
၁၉:၃၀	၁၃။	**၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (ဝါသနာရှင်အဆင့်-အမျိုးသား)**
၁၉:၄၅	၁၄။	အရေးပြိုင်ပွဲ
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာပန်းတိုင်"** (အပိုင်း-၁၂)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ကျေးဇူးရှင်များဖြစ်ကြသော အဘိုးဦးဘထွန်း၊ အဘွား ဒေါ်စိန်မြရင်နှင့် ဦးဘစု၊ ဒေါ်ဆင်ဒိုင်း- ဦးဗိုလ်ဒင်၊ ဒေါ်တင်လှ၊ ဗိုလ်မှူးကြီးဗထူး၊ ဒေါ်တင်တင်- ဦးဘကျင်၊ ဒေါ်ခင်ကြည်နှင့် ဖခင် ဦးဘချစ်တင်၊ မိခင် ဒေါ်စိန်ပို၊ သားဖြစ်သူ မောင်လွင်အောင်၊ မောင်စိုးမိုးတို့အား ရည်စူး၍ ဗိုလ်မှူးအောင်ကြည် (ငြိမ်း)- ဒေါ်ခင်တင့် မိသားစုက အလှူငွေကျပ်သုံးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာ ကျောင်းမှ အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ) ရှေ့မှောက်၌ တာဝန်ခံ ဗိုလ်မှူးချုပ်ခင်မောင်အေး(ငြိမ်း)ထံသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ကြည့်မြင်တိုင်မြို့နယ် ဆေးရိုးတန်းရပ်ကွက် ပျဉ်းမနားလမ်း အမှတ် ၈နေ ဦးထင်ပေါ်- ဒေါ်သောင်းစိန် မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းနှစ်သောင်းနှစ်ထောင်ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်အာစိဏ္ဏ (သာသနဓဇ ဓမ္မာစရိယ) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ပြည်နယ်/တိုင်း လက်ဝှေ့ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၉

၂၀၀၆ခုနှစ် ပထမအကြိမ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာလက်ဝှေ့(က) အဆင့်နှင့် အဋ္ဌမအကြိမ် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာလက်ဝှေ့လူသစ်တန်း(ဂ) အဆင့်နှင့် (ခ) အဆင့် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၅ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ဗထူးအားကစားပြိုင်ကွင်းရှိ မန္တလေးတိုင်း အားကစားနှင့် ကာယပညာ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီး ကြည်သိန်း**(အောက်ပုံ)**က အမှာစကားပြောကြားပြီး တိုင်းအားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ထွဋ်က ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် တိုင်းအဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဆပ်ကော်မတီ အသီးသီးတို့က ဝိုင်းဝန်းကူညီဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ပြိုင်ပွဲစည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းမှာကြားပြီး မန္တလေးတိုင်း အားကစားနှင့် ကာယပညာ ကော်မတီအတွင်းရေးမှူး တိုင်း အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညွန့်က ၂၀၀၆ခုနှစ် ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁၄ရက်အထိ မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ ကျင်းပမည့် ပြိုင်ပွဲကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာသူများက လုပ်ငန်းအလိုက် ပြန်လည်ဆွေးနွေးတင်ပြကြပြီး ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေရင်အေးဆရာတော် တရားဟောကြားမည်

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်တိုင်း အင်းစိန်မြို့ ဇေယမင်္ဂလာကျောင်းတိုက်၏ (ပဓာန နာယက)မဟာစည်နယ်လှည့်ဓမ္မကထိက ရွှေရင်အေးဆရာတော်သည် ၁၃၆၈ ခုနှစ် ဩဂုတ် ၂၂ ရက် ဝါခေါင်လပြည့်ကျော်၁၄ရက် နံနက်၉နာရီနှင့် ည ၇နာရီတို့တွင် ရန်ကုန်တိုင်း အင်းစိန်မြို့ ရွှေရင်အေး မဟာစည်ရိပ်သာ၌လည်းကောင်း၊ယင်းနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်အောင်မင်္ဂလာ ၂လမ်း ဒက္ခိဏာရုံကျောင်းတိုက်၌လည်းကောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။**(က-ပ)**

ဝန်ကြီး ဒေါက်တာကျော်မြင့်ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးတက်ရောက်ရန်ထွက်ခွာ

နေပြည်တော် ဩဂုတ် ၁၉

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ခေါင်းဆောင်သော မြန်မာကျန်းမာရေးကိုယ်စားလှယ်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့၌ ဩဂုတ် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင်ကျင်းပမည့်(၂၄)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် ဩဂုတ် ၂၂ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် (၅၉)ကြိမ်မြောက် ဒေသဆိုင်ရာကော်မတီ (Regional Committee) အစည်းအဝေးသို့ တက်ရောက်ရန် ယမန်နေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ဝန်ကြီး ဒေါက်တာကျော်မြင့် ခေါင်းဆောင်သော မြန်မာကျန်းမာရေးကိုယ်စားလှယ်အဖွဲ့အား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်း၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဝန်ကြီး ဒေါက်တာကျော်မြင့် ခေါင်းဆောင်သော မြန်မာကျန်းမာရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်၊ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစိုးလွင်ငြိမ်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသန်းဝင်းတို့ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့၌ ကျင်းပမည့် (၂၄)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် (၅၉)ကြိမ်မြောက် ဒေသဆိုင်ရာကော်မတီ Regional Committee အစည်းအဝေးသို့တက်ရောက်ရန် နေပြည်တော်မှ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

* **ရှေ့ဖုံးမှ**

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တံတားအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောလျင်စွာပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

မှာကြား

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးအုန်းဟန်က သာကေတစက်မှုဇုန်အနီး ငမိုးရိပ်ချောင်း ရေစားကမ်းပြိုမှုကာကွယ်ရေး ဆောင်ရွက်ရန်နှင့် ရေအရင်းအမြစ်က တိုင်းတာပြီး ရရှိသော အချက်အလက်များကို အခြေခံ၍ ဆက်လက်ဆောင်ရွက်မည့် ကြိုတင်ကာကွယ်ရေး အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကမ်းပါးပြိုမှုကာကွယ်ရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်သွားကြရန် မှာကြားသည်။

တိုးချဲ့ဖောက်လုပ်

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်းက လမ်းများ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ငမိုးရိပ်တံတား (ကမာကြည်)သည် လေးလမ်းသွားဖြစ်သည်နှင့်အညီ သုဝဏ္ဏနှင့် သာကေတဘက်တို့တွင် ရှိသောလမ်းများအား လေးလမ်းသွား ကတ္တရာလမ်းဖြစ်အောင် အချိန်မီ တိုးချဲ့ဖောက်လုပ်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ငမိုးရိပ်တံတား(ကမာကြည်)ပေါ်သို့တက်ရောက်ပြီး ကြိုတင်အားဖြည့် ကွန်ကရစ်တံတား ရက်မတန်းများ ပြီးစီးမှု၊ P°°5 နှင့် P°°6 တိုင်များ အကြားရှိ ရက်မတန်းများအား ဆက်သွယ်သည့် ကြားတန်းများ ကွန်ကရစ်လောင်းနေမှုနှင့် သာကေတဘက်ကမ်းရှိ ချဉ်းကပ်လမ်း တည်ဆောက်ရေးအတွက် လမ်းခင်းကျောက်များ စုဆောင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ငမိုးရိပ်တံတား(ကမာကြည်)

အဆိုပါ ငမိုးရိပ်တံတား(ကမာကြည်)မှာ ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏမြို့နှင့် သာကေတမြို့နယ်တို့အား ဆက်သွယ်ကာ ငမိုးရိပ်ချောင်းအားဖြတ်သန်းတည်ဆောက်ထားပြီး တံတားအရှည် ပေ ၉၇၀၊ ယာဉ်သွားလမ်းအကျယ် ၄၈ ပေနှင့် တံတား ဝဲ/ယာ တို့တွင် လူသွားလမ်းခြောက်ပေစီထည့်သွင်း တည်ဆောက်ထားသည်။ တံတားအောက်ရေလမ်းကြောင်းလွတ်နယ် အကျယ်မှာ ၆၅ ပေနှင့် အမြင့် ၁၁ ပေ ရှိသည်။ တံတားခွင့်ပြုယာဉ် အလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

သွန်းလောင်းပြီးစီး

တံတားတည်ဆောက်ခြင်းလုပ်ငန်းမှာ ဘိုးပိုင်လုပ်ငန်းအားလုံး ပြီးစီးပြီး တံတားရှိအခန်း ၁၂ ခန်းအနက် ခုနစ်ခန်းမှာ ကြမ်းခင်းလုပ်ငန်းများ ပြီးစီးပြီး ရေလယ်တိုင်အမှတ် P°°5 နှင့် P°°6 တို့တွင် ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မများတင်ပြီး ဖြစ်သည်။ P°6 မှ P°10အထိ အခန်းလေးခန်းအတွက် ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မများလည်း ကြိုတင်သွန်းလောင်းပြီးစီးနေပြီဖြစ်သည်။

၈၀ ရာခိုင်နှုန်းပြီးစီး

ဆက်လက်ဆောင်ရွက်ရန်အတွက် အခန်းအမှတ် P°5 မှ P°10 အကြား ကြမ်းခင်းလောင်းခြင်း၊ လက်ရန်းနှင့် လူသွားလမ်းလုပ်ငန်းနှင့် ရေလယ်တိုင်အမှတ် P°7 ရှိ ကက်လောင်းခြင်း၊ ရုပ်နှင့် Cross Beam လုပ်ငန်းများသာကျန်ရှိပြီး လုပ်ငန်းတစ်ခုလုံး၏ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

တံတားချဉ်းကပ်လမ်းမှာ သုဝဏ္ဏနှင့်သာကေတဘက်ကမ်းတို့၌ တစ်ဖက်လျှင် အရှည်ပေ ၅၀၀ စီရှိပြီး သုဝဏ္ဏဘက်ကမ်းရှိ ချဉ်းကပ်လမ်းမှာ မြေဖို့ခြင်းလုပ်ငန်း ပြီးစီးနေပြီး သာကေတဘက်ကမ်းရှိ ချဉ်းကပ်လမ်းမှာ မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

ရှင်းလင်းပြသ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါပြီး သုဝဏ္ဏတံတားအနီး သာကေတစက်မှုဇုန် ရန်ကြီးအောင်လမ်းရှိ High Tech Concrete Co., Ltd. သို့ ညနေ ၄ နာရီတွင် ရောက်ရှိပြီး စက်ရုံဘေးရှိ ငမိုးရိပ်ချောင်း ရေစားကမ်းပြိုမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ပြန်လည်ထွက်ခွာ

ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရေစားကမ်းပြိုမှု ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ၊ High Tech Concrete Co., Ltd. နှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ရေး၊ ငမိုးရိပ်ချောင်းအား ဖြတ်သန်းပို့လွှတ်လျက်ရှိသည့် မြို့တော်စည်ပင်သာယာ ရေပိုက်လိုင်းတိုင်အောက်ခြေများ ရေတိုက်စားမှု မရှိစေရေးအတွက် ကြိုတင် စစ်ဆေး ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

Thai AirAsia လေကြောင်းလိုင်းသစ် မိတ်ဆက်ရှင်းလင်းပွဲနှင့်ညစာစားပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် ရန်ကုန်မြို့တို့အကြား ပျံသန်းသည့် Thai Air Asia လေကြောင်းလိုင်း၏ ဗန်ကောက်–ရန်ကုန်–ဗန်ကောက် ခရီးစဉ်သစ် စတင်ပျံသန်းခြင်းနှင့် စပ်လျဉ်းသည့် မိတ်ဆက်ရှင်းလင်းပွဲကို ဩဂုတ် ၁၆ ရက် ညနေ၃နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီး ပဲလေ့(စ်)ဟိုတယ်၌ကျင်းပရာ Thai Air Asia လေကြောင်းလိုင်းမှ အမှုဆောင်အရာရှိချုပ် Mr. Tassapon Bijleveld နှင့်အဖွဲ့ဝင်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်

ရှေးဦးစွာ Thai AirAsia လေကြောင်းလိုင်းမှ အမှုဆောင်အရာရှိချုပ် Mr.Tassapon Bijleveld က နှုတ်ခွန်းဆက်စကား ပြောကြားပြီး Thai AirAsia အကြောင်း ရှင်းလင်းပြောကြားရာတွင် Thai Air Asia ၏ ဘိုးရင်း၇၃၇–၃၀၀ လေယာဉ်များသည် ထိုင်းနိုင်ငံ၏ ပြည်တွင်း ခရီးစဉ်များသာမက အပြည်ပြည်ဆိုင်ရာ ခရီးစဉ်များဖြစ်သော စင်ကာပူ၊ မကာအို၊ ဖနွမ်ပင်၊ ဗီနန်၊ ကွာလာလမ်ပူ၊ ဟန္တိုင်း၊ ဖနောင်ပင်နှင့် ရန်ကုန်မြို့များသို့ ပျံသန်းပြေးဆွဲလျက်ရှိကြောင်း၊ ဈေးနှုန်းသက်သာသည့် လေကြောင်းလိုင်း ဖြစ်ကြောင်း၊ မြန်မာခရီးသည်များအား အမေရိကန်ဒေါ်လာ၂၀မှ အခြေခံစသည့် ဈေးနှုန်းဖြင့် ဗန်ကောက်မြို့သို့ ယခင်ကထက် ပိုမိုလွယ်ကူစွာသွားလာနိုင်ရန် စီစဉ်ပေးထားကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် စာနယ်ဇင်းများမှ တာဝန်ရှိသူများက Thai AirAsia နှင့် ခရီးစဉ်သစ်အကြောင်းတို့နှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ အမှုဆောင်အရာရှိချုပ်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ညပိုင်းတွင် Thai Air Asia လေကြောင်းလိုင်း၏ ဗန်ကောက်–ရန်ကုန်–ဗန်ကောက် ခရီးစဉ်သစ် စတင်ပျံသန်းခြင်းအထိမ်းအမှတ်အဖြစ် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများအား ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် ရန်ကုန်မြို့တို့အကြား ပျံသန်းသည့် Thai AirAsia လေကြောင်းလိုင်း၏ ဗန်ကောက်–ရန်ကုန်–ဗန်ကောက် ခရီးစဉ်သစ် စတင်ပျံသန်းခြင်းနှင့် စပ်လျဉ်းသည့် မိတ်ဆက်ရှင်းလင်းပွဲကို ရန်ကုန်မြို့ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ကျင်းပစဉ်။ (သတင်းစဉ်)

(၃၈)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း သွားရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဩဂုတ် ၁၉

မလေးရှားနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကကြီးမှူး၍ (၃၈)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲကို ဩဂုတ် ၂၃ ရက်မှ ၂၉ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ရာအလမ်အားကစားကွင်း၌ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် အိမ်ရှင်မလေးရှားအသင်းနှင့်အတူ မြန်မာ၊ ထိုင်းနှင့် အင်ဒိုနီးရှားတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ၂၀၀၇ ခုနှစ် အာရှဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားတို့နှင့်အတူ မြန်မာ့လက်ရွေးစင်အသင်းပါဝင်သော မာဒေးကားဖလားဘောလုံးပြိုင်ပွဲသည် အာဆီယံဒေသတွင်း၌ အဆင့်မြင့်ဘောလုံးပြိုင်ပွဲတစ်ပွဲဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်ခဲ့

မာဒေးကားဖလားဘောလုံးပြိုင်ပွဲကို မလေးရှားနိုင်ငံ၌ ၁၉၅၇ ခုနှစ်က စတင် ကျင်းပခဲ့ရာ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် (၁၇)ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် မာဒေးကားဖလားဘောလုံးပြိုင်ပွဲ၌ သုံးကြိမ်ဗိုလ်စွဲခဲ့ပြီး ဒုတိယဆုသုံးကြိမ်နှင့် တတိယဆု လေးကြိမ်ရရှိခဲ့သည်။

အပြီးသတ်ရွေးချယ်

(၃၈)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ပါဝင်ယှဉ်ပြိုင်ရန်ရည်ရွယ်၍ ဇူလိုင် ၂၇ ရက်နှင့် ၂၉ ရက်က အောင်ဆန်းအားကစားပြိုင်ကွင်း၌ လူရွေးပွဲ ကျင်းပခဲ့သည်။ လူရွေးပွဲအပြီးတွင် ပဏာမလက်ရွေးစင် ၂၅ ဦး ရွေးချယ်၍ စခန်းသွင်းလေ့ကျင့်မှုများပြုလုပ်ခဲ့သည်။ ဩဂုတ် ၉ ရက်နှင့် ၁၁ ရက်က လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ပဏာမလက်ရွေးစင်၂၅ဦးအား နှစ်သင်းခွဲ၍ ခြေစမ်းပွဲယှဉ်ပြိုင်ကစားစေပြီး အပြီးသတ်ဆန်ခါတင် ၁၈ ဦးရွေးချယ်ခဲ့သည်။

သူတို့ပါဝင်

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို နည်းပြများအဖြစ် ဦးဆန်းဝင်းနှင့် ဦးကြည်လွင်တို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတွင် **(ဂိုး)** အောင်အောင်ဦး၊ ကိုကိုအောင်၊ **(နောက်တန်း)** မင်းသူ၊ ဇော်လင်းထွန်း(၂)၊ မိုးဝင်း၊ ခင်မောင်လွင်၊ ကျော်ဇေယျာမင်း၊ ဇော်ထက်အောင်၊ **(အလယ်တန်း)** စိုးသီဟအောင်၊ အောင်မျိုးသန့်၊ စိုးမြတ်မင်း၊ အောင်ကျော်မိုး၊ ဇော်ဇော်၊ ခင်မောင်ထွန်း၊ အောင်မြင့်အေး၊ **(ရှေ့တန်း)** စည်သူဝင်း၊ ရန်ပိုင်နှင့် ကျော်သူရတို့ ပါဝင်ကြသည်။

(၃၈)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲ ပွဲစဉ်ရေးဆွဲထားပြီးဖြစ်ရာ ဩဂုတ် ၂၃ ရက်တွင် ပထမပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ထိုင်းအသင်း၊ ဒုတိယပွဲစဉ်အဖြစ် မလေးရှားအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ ဩဂုတ် ၂၅ ရက်တွင် ပထမပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ ဒုတိယပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် မလေးရှားအသင်း၊ ဩဂုတ် ၂၇ ရက်တွင် ပထမပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ ဒုတိယပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ လေးသင်းပတ်လည်ယှဉ်ပြိုင်ကစားပြီး အမှတ်အများဆုံးနှစ်သင်းသည် ဩဂုတ် ၂၉ ရက်၌ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတွင် အုပ်ချုပ်သူနှင့် နည်းပြငါးဦး၊ အားကစားသမား ၁၈ဦး စုစုပေါင်းအဖွဲ့ဝင် ၂၃ ဦးပါဝင်မည်ဖြစ်ပြီး ဩဂုတ် ၂၁ ရက်တွင် မလေးရှားနိုင်ငံသို့ ထွက်ခွာကြမည်ဖြစ်ကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

သတင်းမှတ်စု – ကိုထွေး

(၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊

၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊

၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊

၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊

၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊

၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊

၇။ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်။

■ **ကျောဖုံးမှ**

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသော ယဉ်ကျေးမှု ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင် ဒုတိယ ဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်းများမှ ကိုယ်စားလှယ်များ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ အကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အနုပညာရှင်များတက်ရောက်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ညှိနှိုင်းအစည်းအဝေးတွင် (၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အမှာစကား ပြောကြားရာတွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ၁၉၉၃ ခုနှစ်က စတင်ပြီး နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင်(၁၄)ကြိမ်မြောက်ကို ရောက်ရှိလာပြီဖြစ်ကြောင်း၊ ယခင်က ပြိုင်ပွဲများကို ရန်ကုန်မြို့၌ကျင်းပခဲ့ကြောင်း၊ ပြိုင်ပွဲကို ယခုနှစ်မှစ၍ နေပြည်တော်၌ ကျင်းပမည်ဖြစ်ပြီး ပိုမိုစည်ကား သိုက်မြိုက်စွာဖြင့် စနစ်တကျ အောင်မြင်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း။

ဆက်လက်ထိန်းသိမ်း

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ၊ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ဆိုသည့် လူမှုရေးဦးတည်ချက်များ အတိုင်း နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ချမှတ်ပေးထားသော ဦးတည်ချက်များ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတော်၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ စရိုက်လက္ခဏာများ မပျောက်မပျက်အောင် ဆက်လက်ထိန်းသိမ်းနိုင်စေရန်အတွက် ဤပြိုင်ပွဲကြီးကို ကျင်းပနေခြင်းဖြစ်ကြောင်း။

ယခုနှစ် ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ဦးတည်ချက်(၇)ရပ်ချမှတ်ထားကြောင်း၊ ယင်းဦးတည်ချက်များမှာ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊ မြန်မာတို့၏ အမျိုးသားစရိုက်လက္ခဏာများထိန်းသိမ်းရန်၊ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊ တိုင်းတပါး ယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်နှင့် စစ်မှန်သော ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာစေရန် တို့ဖြစ်ကြောင်း၊ ယခင်နှစ်ကစပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ပိုမိုခိုင်မာစေရေးအတွက် ဦးတည်ချက် (၇)ရပ်ကို ဖြည့်စွက်ခဲ့ကြောင်း။

အလေးအနက်ထား

ဤပြိုင်ပွဲသည် ပြည်နယ်နှင့်တိုင်းအသီးသီးက ကိုယ်စားလှယ်တိုင်းရင်းသားပေါင်းစုံ ပါဝင်ယှဉ်ပြိုင်သည့် ပြိုင်ပွဲဖြစ်ကြောင်း၊ တိုင်းရင်းသားများအားလုံး စုစည်းနေထိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံဖြစ်သည့်အတွက် ပြည်ထောင်စုစိတ်ဓာတ် ထာဝရရှင်သန်နေရန် အရေးကြီးကြောင်း၊ ယခုကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပပေးခြင်းအားဖြင့် တစ်ဖက်ကလည်း တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာလာစေပြီး ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ခိုင်မာသည်ထက် ခိုင်မာလာမည် ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်သည် တိုင်းရင်းသားအားလုံး ထာဝရထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်ဖြစ်၍ လာရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအနေဖြင့်လည်း ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များဖြင့် တက်တက်ကြွကြွ ပါဝင်ယှဉ်ပြိုင်ရေးတွန်းအားပေးဆောင်ရွက်သွားရမည်ဖြစ်သည့်အပြင် တက်ရောက်လာကြသည့် ကော်မတီ၊ ဆပ်ကော်မတီဝင်များ၊ ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ကိုယ်စားလှယ်များကလည်း အလေးအနက်ထား ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ယနေ့ မျက်မှောက်ခေတ်သည် သတင်းနှင့်နည်းပညာများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေသည့် ခေတ်ဖြစ်သည်နှင့်အညီ နိုင်ငံအသီးသီး၏ နယ်ပယ်အသီးသီးတွင် သက်ရောက်မှုများရှိနေကြောင်း၊ အကျိုးသက်ရောက်မှုရှိသကဲ့သို့ အဆိုးသက်ရောက်မှုလည်း ရှိကြောင်း။

အထူးသဖြင့် အနောက်နိုင်ငံများ၏ ယဉ်ကျေးမှုထုတ်ကုန်ပစ္စည်းများကို ကမ္ဘာ့လူဦးရေ၏ ငါးပုံနှစ်ပုံရှိသည့် အသက်၂၀အောက် လူငယ်များအား ဈေးကွက်အဖြစ် သတ်မှတ်ထားရှိကြောင်း။

ထိခိုက်ကျဆင်းနိုင်

ထို့အပြင် ဘာသာရေးနယ်ပယ်တွင်လည်း လွှမ်းမိုးမှုများဖြစ်ပေါ်လာပြီး နိုင်ငံအသီးသီး၏ ရိုးရာယဉ်ကျေးမှု၊ ဘာသာရေး ယုံကြည်ကိုးကွယ်မှုအပေါ် ထိခိုက်ကျဆင်းနိုင်သည်ကိုလည်း စိုးရိမ်ပူပန်နေရပြီ ဖြစ်ကြောင်း။

တေးဂီတဆိုင်ရာတွင် စက်မှုအခြေခံတေးဂီတထုတ်ကုန်များသည် နိုင်ငံများတွင် နှစ်ပေါင်းများစွာ ထိန်းသိမ်းစောင့်ရှောက်ထားသည့် ရိုးရာဂီတများအပေါ် ရောနှောကူးယှက်နိုင်ကြောင်း။

အထူးသဖြင့် မျိုးဆက်သစ်လူငယ်များအပေါ် လွှမ်းမိုးလာမှုပင်ဖြစ်ကြောင်း၊ ယနေ့လူငယ်အများစုသည် ကျောင်းသင်ခန်းစာဘာသာရပ်ထက် သိပ္ပံဆန်းကြယ်ဇာတ်လမ်းမျိုးကို ပိုမိုနှစ်သက်ကြကြောင်း၊ ဘာသာရေးဆိုင်ရာ သင်ကြားလေ့လာခြင်းထက် မြူးကြွသော တေးဂီတကို ပိုမိုခံစားလိုကြကြောင်း။

ယနေ့ပေါ်ပေါက်လာသည့် ဂြိုဟ်တု တီဗွီများကြောင့် အနောက်တိုင်းယဉ်ကျေးမှုများသည် ကမ္ဘာ့လူဦးရေ၏ ၇၅ရာခိုင်နှုန်းခန့်ထံသို့ ရောက်ရှိပျံ့နှံ့လျက်ရှိနေကြောင်း။

စိန်ခေါ်မှုများ

ထိုကဲ့သို့ဖြစ်ရပ်များသည် နိုင်ငံများ၏ သမိုင်းစဉ်ဆက် ယဉ်ကျေးမှု၊ မျိုးချစ်စိတ်ဓာတ်၊ ရိုးရာဓလေ့ထုံးစံများအပေါ် လွှမ်းမိုးလာနိုင်သည့် စိန်ခေါ်မှုများ ဖြစ်နေကြောင်း။

နိုင်ငံအသီးသီး၏ ယဉ်ကျေးမှုဆိုသည်မှာ အဆိုပါနိုင်ငံများ၏ အတိတ်နှင့် ပစ္စုပ္ပန်ကာလများတွင် ပြုစုပျိုးထောင်ခဲ့သည့် အတွေ့အကြုံများပင် ဖြစ်ကြောင်း။

မိမိတို့၏ ယဉ်ကျေးမှုဆိုသည်မှာလည်း မိမိတို့၏ လူမှုပတ်ဝန်းကျင်၌ လိုက်လျောညီထွေ ဆက်ဆံနေထိုင်နိုင်ရေးအတွက် မိမိတို့လူမျိုးများ ပြုစုပျိုးထောင်ထားသည့် စည်းကမ်း၊ ဥပဒေ၊ ထုံးတမ်းစဉ်လာ၊အမူအကျင့်နှင့်အဆင့်ဆင့် ထိန်းသိမ်းလက်ခံခဲ့သည့် အသိဉာဏ်၊ဗဟုသုတ၊အတွေ့အကြုံ၊အတွေးအခေါ်၊အယူအဆများပင်ဖြစ်ကြောင်း။

တက်ညီလက်ညီ

အချုပ်အားဖြင့် မြန်မာ့ယဉ်ကျေးမှုဆိုသည်မှာ မြန်မာလူမျိုးတို့၏ ဘဝပုံစံဟု ခေါ်ဆိုနိုင်ကြောင်း၊ ၁၉၉၃ ခုနှစ်ကစပြီး နှစ်စဉ်ကျင်းပခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသည်လည်း မြန်မာလူမျိုးတို့၏ ဘဝပုံစံ အစိတ်အပိုင်း တစ်ရပ်ပင် ဖြစ်ကြောင်း။

ဤသည်တို့ ရေရှည်တည်တံ့နိုင်ရန်မှာ နိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်နေခြင်းလည်း ဖြစ်ကြောင်း၊ ယနေ့ ကြွရောက်လာကြသည့် ပုဂ္ဂိုလ်များအားလုံး ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး တာဝန်ကို ထမ်းဆောင်ခွင့်ရရှိနေခြင်းဖြစ်၍ တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်ကြပါဟု တိုက်တွန်းလိုကြောင်း။

ယခုနှစ် ဇာတ်တော်ကြီးပြိုင်ပွဲတွင် ဝေဿန္တရာဇာတ်တော်ကြီးနှင့် ရုပ်သေးပညာရှင်အဆင့် ပြိုင်ပွဲတွင် သဒ္ဒါသုမနဇာတ်တို့ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ အဆိုနှင့် အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရမည့် တေးသီချင်းများကိုလည်း သတ်မှတ်ပေးထားပြီးဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းများက ပြိုင်ပွဲဝင်များ အားလုံး တစ်ပြေးညီလေ့ကျင့်ချိန်ရစေရန် ကြိုတင် ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း၊ ထို့အပြင် ဩဂုတ် ၁၀ရက် မှစပြီး နေ့စဉ်ထုတ် သတင်းစာများတွင်လည်း ဖော်ပြနေပြီဖြစ်ကြောင်း၊ နောင်နှစ် ပြိုင်ပွဲတွင် အမျိုးသမီး အိုးစည်၊ ဒိုးပတ်ပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ယခုနှစ်တွင် ဖိတ်ခေါ်လက်စွမ်းပြ တီးခတ်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း၊ ဇာတ်သဘင်နှင့် ရုပ်သေးအဖွဲ့များကိုလည်း ပိုမိုတိုးတက် ယှဉ်ပြိုင်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တိတိကျကျ

ပြည်နယ်နှင့်တိုင်းများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် အခွင့်အလမ်းများရှိနေသကဲ့သို့ သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်ပြီး တိတိကျကျ လုပ်ဆောင်ကြရန် အရေးကြီးကြောင်း။

ယခုနှစ်ပြိုင်ပွဲသည် နေပြည်တော်၌ ပထမဦးဆုံးကျင်းပသည့် ပြိုင်ပွဲဖြစ်သည့်အတွက် ပြိုင်ပွဲမစတင်မီ ကြိုတင်စီမံထားရမည့် လုပ်ငန်းများ၊ ပြိုင်ပွဲဝင်များရောက်ရှိသည့်အခါ တည်းခိုနေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် သက်သာချောင်ချိရေးကိစ္စများပါ ကြိုတင်စဉ်းစားစီမံဆောင်ရွက်သွားရမည်ဖြစ်၍ မိမိတို့ကော်မတီ၊ ဆပ်ကော်မတီများအလိုက် ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးဆောင်ရွက်သွားကြပါဟု တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်က မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၏ အဓိက အနှစ်သာရသည် စစ်မှန်သော ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာစေရန် ဖြစ်ကြောင်းကို အလေးအနက်ထား ပြောကြားလိုကြောင်း၊ ပြည်နယ်နှင့် တိုင်းအသီးသီးမှ ကိုယ်စားလှယ်များ အနေဖြင့် ပြိုင်ပွဲကြီး၏ ဦးတည်ချက် (၇)ရပ်ကို သမိုင်းနောက်ခံနှင့်တကွ ခြေခြေမြစ်မြစ် နားလည်သဘောပေါက်ပြီး မိမိတို့ပြည်နယ်နှင့်တိုင်းများ၌ ပြိုင်ပွဲများကျင်းပရာတွင်လည်း ထိုဦးတည်ချက်များကို ဖော်ဆောင်ရန်လိုကြောင်း၊ ဦးတည်ချက်လွဲမှားသွားပါက ပြောင်းပြန်အကျိုးသက်ရောက်မှုများဖြစ်ပေါ်ပြီး အနာဂတ်အတွက် ဆိုးကျိုးများကို ဖော်ဆောင်ရာ ရောက်မည်ဖြစ်ကြောင်းဖြင့် ရှင်းလင်း ပြောကြားသည်။

အမျိုးသားရေးလုပ်ငန်းစဉ်

ဆက်လက်၍ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ပြန်ကြားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲများ ကျင်းပရခြင်းသည် ပြိုင်ပွဲသက်သက်မဟုတ်ဘဲ အမျိုးသားရေးလုပ်ငန်းစဉ် တစ်ရပ်အဖြစ် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တိုင်းပြည်နှင့် လူမျိုးအတွက် အရေးကြီးကြောင်း၊ ပြိုင်ပွဲများ ကျင်းပရာတွင် သာမန်လုပ်ဆောင်မှုမျိုး မဆောင်ရွက်ကြဘဲ အနာဂတ်အတွက်ပါ မျှော်တွေးလုပ်ဆောင်သွားကြရန်လိုကြောင်း၊ ပြိုင်ပွဲများ၌ တာဝန်ယူ ဆောင်ရွက်နေကြသည့် အနုပညာရှင်များသည် လုပ်ငန်းအတွေ့အကြုံ ရှိသူများဖြစ်သည်နှင့်အညီ အသွင်သဏ္ဌာန်ရောအနှစ်သာရပါ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ကြပြီး ပြည်သူအကြားတွင် စိမ့်ဝင်ပျံ့နှံ့အောင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် ညှိနှိုင်း အစည်းအဝေးကို နံနက် ၁၁ နာရီတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက ဆောင်ရွက်ပြီး ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အနုပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေထွန်းက ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အဆိုအကဲ ဖြတ်လုပ်ငန်းအဖွဲ့၊ အကအကဲဖြတ် လုပ်ငန်းအဖွဲ့၊အရေးအကဲဖြတ် လုပ်ငန်းအဖွဲ့၊ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့၊ ဇာတ်သဘင် အကဲဖြတ် လုပ်ငန်းအဖွဲ့နှင့် ရုပ်သေး အကဲဖြတ် လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများက သက်ဆိုင်ရာ ဘာသာရပ် အလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်နှင့် တိုင်းများမှ ကိုယ်စားလှယ်များက ပြည်နယ်နှင့်တိုင်းအလိုက် ပြိုင်ပွဲဝင်မည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ကော်မတီနှင့် ဆပ်ကော်မတီဥက္ကဋ္ဌများက မိမိတို့ဆပ်ကော်မတီအလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းများကိုဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် သဘာပတိ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက နိဂုံးချုပ်အမှာစကား ပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မန္တလေးတိုင်း ၂၀၀၆ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ အရိပ်ရသစ်ပင်များသတ်မှတ်နေရာများ၌တစ်ပြိုင်တည်းစိုက်ပျိုး

ရန်ကုန် ဩဂုတ် ၁၉

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၆ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကို ဩဂုတ်၁၂ရက် နံနက်၈ နာရီက ချမ်းမြသာစည်မြို့နယ် ခုတင် (၃၀၀)ဆံ့ သင်ကြားရေးဆေးရုံ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက်၍ သစ်ပင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်ဇနီး၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့်အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာ အရာရှိများ၊ မန္တလေးတိုင်းသစ်တောဦးစီးဌာနမှူး ဦးဝင်းမောင်နှင့် တာဝန်ရှိသူများ၊ မန္တလေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားအစီအစဉ်အရ တိုင်းမှူး**(အပေါ်ပုံ)**နှင့် ဇနီး၊ မြို့တော်ဝန်နှင့်ဇနီးတို့က သတ်မှတ်နေရာများတွင် အရိပ်ရသစ်ပင်များဖြစ်သော ခရေပင်နှင့် ကံ့ကော်ပင်များကို စတင်စိုက်ပျိုးပေးကြသည်။

စိုက်ပျိုးပေး

ဆက်လက်၍ အခမ်းအနားတက်ရောက်လာကြသူများအားလုံးက အရိပ်ရသစ်ပင် ၁၀၀၀ကို သတ်မှတ်နေရာများတွင် တစ်ပြိုင်တည်း တပျော်တပါးစိုက်ပျိုးပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီး၊ အဖွဲ့ဝင်များသည် သတ်မှတ်နေရာများတွင် အရိပ်ရသစ်ပင်များစိုက်ပျိုးနေမှုနှင့် ချမ်းမြသာစည်မြို့နယ်မှ ဆေးရုံဝင်းအတွင်း ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဖြစ်သော ပေါင်းမြက်ရှင်းခြင်း၊ အမှိုက်သရိုက်များရှင်းလင်းခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပေးအပ်

ဆက်လက်၍တိုင်းမှူးသည် ခုတင် (၃၀၀)ဆံ့ သင်ကြားရေးဆေးရုံတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စုပေါင်းသွေးလှူဒါန်းနေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး တိုင်းမှူးနှင့်ဇနီးတို့က သွေးလှူရှင်များအား ဆေးဝါး၊ ကြက်ဥနှင့် စားစရာများကိုပေးအပ်သည်။

ထို့နောက်တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်သည် ခုတင်(၃၀၀)ဆံ့ သင်ကြားရေးဆေးရုံရှေ့ မျက်နှာစာရှိ ၆၂လမ်း ဘေးဝဲယာတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသောလူသွားစင်္ကြံလမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဩဂုတ် ၁၉ရက်၌ မိုးရွာသွန်းလေသမျှ

နေပြည်တော်	၂	ဒသမ	၅၂	လက်မ
ပျဉ်းမနား	၂	ဒသမ	၀၁	လက်မ
ရမည်းသင်း	၁	ဒသမ	၀၆	လက်မ
မိတ္ထီလာ	၁	ဒသမ	၀၅	လက်မ
ကျောက်ဖြူ	၂	ဒသမ	၇၅	လက်မ
ပဲခူး	၃	ဒသမ	၁၁	လက်မ
ဖျာပုံ	၃	ဒသမ	၇၈	လက်မ
ကော့သောင်း	၅	ဒသမ	၁၉	လက်မ
ရန်ကုန်မြို့	၅	ဒသမ	၃၂	လက်မ

မုတ်သုံလေအားအသင့်အတင့်ရှိမည်

ရန်ကုန် ဩဂုတ် ၁၉

လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်းတွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့၌ နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြားမိုးရွာခဲ့ပြီး မန္တလေးတိုင်းတွင် ဒေသအလိုက်နှင့် ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍မိုးကြီးခဲ့သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဩဂုတ် ၂၀ရက် ညနေအထိ ခန့်မှန်းချက်အရ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့၌ နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြားမိုးရွာပြီး မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မွန်၊ တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်ဟု သိရသည်။

(မြန်မာ့အလင်း)

ပြည်ပအားကစားပြိုင်ပွဲများ၌ပါဝင်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များ အား/ကာ ညွှန်ချုပ်တွေ့ဆုံ

သတင်းမှတ်စု - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၉

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌအားကစားဝန်ကြီးဌာနဝန်ကြီး ကိုယ်စားမြန်မာနိုင်ငံ အိုလံပစ် ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဩဂုတ် ၂၁ရက်မှ ၃၀ရက် အထိ မလေးရှားနိုင်ငံ ပီနန်မြို့တွင် ကျင်းပမည့် ဒုတိယအကြိမ်မြောက် မလေးရှားအပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စက်တင်ဘာ ၁ရက်မှ ၈ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် (၂၁) ကြိမ်မြောက် ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်မည့် ဗိုလ်ကြီးကျော်ဇင်မိုး ခေါင်းဆောင်သည့် မြန်မာ့ပိုက်ကျော်ခြင်း အမျိုးသားအဖွဲ့နှင့် ဩဂုတ် ၂၃ရက်မှ ၂၉ရက် အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပမည့် (၃၈)ကြိမ်မြောက် မာဒေးကား ဘောလုံးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်ခေါင်းဆောင်သည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတို့အား တွေ့ဆုံပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၃နာရီခွဲက သုဝဏ္ဏ ဘောလုံးလေ့ကျင့်ရေးစခန်း အိုလံပစ်ဟိုတယ်တွင် ကျင်းပသည်။

ပြင်ဆင်မှု

အခမ်းအနားတွင် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဉာဏ်ထွန်း၊ အုပ်ချုပ်သူ ဗိုလ်ကြီးကျော်ဇင်မိုးတို့က ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးကိုယ်စားညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

ပါဝင်ယှဉ်ပြိုင်ကြမည်

မြန်မာပိုက်ကျော်ခြင်းအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဗိုလ်ကြီးကျော်ဇင်မိုး ကလည်းကောင်း၊ နည်းပြအဖြစ် ဦးသိန်းဌေး(လယ်ယာ/ဆည်မြောင်း)က ဆောင်ရွက်ပြီး အားကစားသမားများတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ထွန်းထွန်းနိုင်၊ ပြည်ထဲရေးဝန်ကြီးဌာနမှ အောင်ချိုမြင့်၊ စည်သူလင်းနှင့် ဇော်ဇော်အောင်(၂)၊ လယ်ယာနှင့်ဆည်မြောင်းမှ ဇော်ဇော်အောင်(၁)၊ ဥက္ကာစိုးနှင့် ရာဇာထွန်း၊ ရထားမှ ဇော်လတ်နှင့် ကျော်သီဟဦး၊ ရန်ကုန်မြို့တော်စည်ပင်မှ သိန်းဇော်မင်းနှင့် အား/ကာသိပ္ပံ ရန်ကုန်မှ အောင်မျိုးဆွေတို့ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်အား မြန်မာဘောလုံးအဖွဲ့ ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် နည်းပြ ဦးဆန်းဝင်းတို့က ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ မှာကြားသည်။

မြန်မာဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် အားကစားနှင့် ကာယပညာဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ်ဦးသိန်းအောင် (အား/ကာ)၊ နည်းပြအဖြစ်ဦးဆန်းဝင်း(ဆောက်လုပ်ရေး)၊ လက်ထောက်နည်းပြ ဦးကြည်လွင်(ရန်ကုန်မြို့တော်စည်ပင်)၊ အသင်းဆရာဝန် ဒေါက်တာအောင်ကျော်ဦး (လ/ထဆရာဝန် အား/ကာ)၊ သူနာပြုအဖြစ် ဦးညွှန့်လင်း(အား/ကာ)နှင့် အားကစား သမား၁၈ဦးတို့ ပါဝင်ကြသည်။ **(မြန်မာ့အလင်း)**

● ကျော့ဖုံးမှ

ကွင်းလယ်ကစားကွက် စိုးမိုးထားပြီး အဖွင့်ဂိုးရရှိရေး ကြိုးစားနေသော လီဗာပူးတို့ပွဲချိန် ၄၆မိနစ်တွင် ရှက်ဖီးယူနိုက်တက်၏ တန်ပြန်တိုက်စစ်မှ ဂိုးပေးခဲ့ရသည်။ ထိုဂိုးမှာ ဝဲဘက်ခြမ်းမှနေ၍ ရှက်ဖီးယူနိုက်တက်မှ ဒေးဗစ်အင်ဆွက် ဂိုးရှေ့ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို လီဗာပူးဂိုးရှေ့ ၁၂ ကိုက်အကွာမှ ရှက်ဖီးယူနိုက်တက် တိုက်စစ်မှူး ရှာ့ဘ်ဟူလ်ဆေးက မနားတမ်းသွင်းယူခဲ့သဖြင့် ဂိုးစတင်ရရှိသွား ခဲ့ခြင်းဖြစ်သည်။

ချေပဂိုး

လီဗာပူးတို့ ချေပဂိုးရရှိရေး အစွမ်းကုန်ကြိုးစားရာ ဂျရတ်၏ကန်သွင်းချက်၊ ဘယ်လာမီ၏ကန်သွင်းချက်များ အပေါ်ထွက်၊ ဘေးထောင်ဖြစ်လျက်ရှိရာမှ မိနစ်၇၀တွင် ရှက်ဖီးယူနိုက်တက်ဂိုးဧရိယာအတွင်း ဂျရတ်ထိုးဖောက်ကစားမှုကို ရှက်ဖီးတို့အဖျက်ကြမ်းသည့်အတွက် ပယ်နယ်တီပြစ်ဒဏ်ဘောရရှိရာ ယင်းပြစ်ဒဏ်ဘောကို လီဗာပူးမှရှော့ဘီဖောင်လာ ကန်သွင်းရာမှ ချေပဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ဂိုးသွင်းခွင့်

ယခုပွဲ၌ လီဗာပူးတို့ဂိုးသွင်းခွင့် ၁၃ ကြိမ်ရရှိခဲ့ပြီး ခုနစ်ကြိမ် အပိုင်ကန်သွင်းခွင့်ရရှိခဲ့သော်လည်း ရှက်ဖီးယူနိုက်တက်တို့က ဂိုးသွင်းခွင့်သုံးကြိမ်ရရှိပြီး သုံးကြိမ် အပိုင်ကန်သွင်းခွင့်ရခဲ့သည်။

သို့သော် ရှက်ဖီးမှ တိုက်စစ်မှူး ရှာ့ဘ်ဟူလ်ဆေးက ယခုနှစ်ပရီမီယာလိဂ် ပထမဆုံးအဖွင့်ဂိုးသွင်းသူအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ အဖွင့်ပွဲစဉ်၌ လူသစ်တန်းရှက်ဖီးယူနိုက်တက်ကို အနိုင်ကစားပြီး သုံးမှတ်အပြည့်ယူရန် မျှော်မှန်းထားသော လီဗာပူးတို့တစ်မှတ်စီခွဲယူကာ သရေပွဲနှင့်နှစ်သိမ့်ခဲ့ရသည်။

မှတ်တမ်းတင်

ယနေ့ပွဲတွင် လီဗာပူးမှ ဆစ်ဆိုကိုနှင့် ကရွမ်ကင့်ပ်တို့ အဝါကတ်ပြခံရပြီး ရှက်ဖီးယူနိုက်တက်မှ မော်ဂန်လည်း အဝါကတ်ပြခံရသည်။ ရှက်ဖီးယူနိုက်တက်မှ မော်ဂန်မှာ ယခုနှစ် ပရီမီယာလိဂ်၌ ပထမဆုံးအဝါကတ်အပြခံရသောဘောလုံးသမားအဖြစ်မှတ်တမ်းဝင်ခဲ့သည်။

ပရီမီယာလိဂ်ပွဲစဉ် အဖွင့်ပွဲ၌ အာဆင်နယ်အသင်းမှ အွန်နရီ၏ အက်စ်တွန်ဗီလာအသင်းဘက်သို့ ထိုးဖောက်ယှဉ်ပြိုင်မှုကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံ–အင်တာနက်)



ပရီမီယာလိဂ်ပွဲစဉ်(၁) အနိုင်အရှုံး

ရှက်ဖီး	**၁–၁**	**လီဗာပူး**
၄၆မိနစ် ဟူလ်ဆေး	၁–၀	
	၁–၁	မိနစ်၇၀ ဖောင်လာ(ပယ်နယ်တီ)
အာဆင်နယ်	**၁–၁**	**အက်စတွန်ဗီလာ**
	၀–၁	၅၃မိနစ် မဲလ်ဘတ်ဂျ်
၈၄မိနစ် ဂျီလ်ဘာတို	၁–၁	
အယ်ဗာတန်	**၂–၁**	**ဝက်ဖို့ဒ်**
၁၅မိနစ် ဂျွန်ဆင်	၁–၀	
၈၂မိနစ် အာတီတာ(ပယ်နယ်တီ)	၂–၀	
	၂–၁	မိနစ်၉၀ ဖရန့်ဆစ်
နယူးကာဆယ်	**၂–၁**	**ဝီဂန်**
၃၈မိနစ် ပါကာ	၁–၀	
	၁–၁	၅၉မိနစ် မက်ကူလ်လော့
၆၄မိနစ် အမီယိုဘီ	၂–၁	
ပို့စ်မောက်	**၃–၀**	**ဘလက်ဘန်း**
၂၆မိနစ် တိုဒိုရော့ဗ်	၁–၀	
၆၂မိနစ် ကနူး	၂–၀	
၈၄မိနစ် ကနူး	၃–၀	
ရီဒင်း	**၃–၂**	**မစ်ဒယ်ဘရော့**
	၀–၁	၁၁မိနစ် ဒေါင်းနင်း
	၀–၂	၂၁မိနစ် ယာကူဘူ
၄၃မိနစ် ကစ်ဘွန်	၁–၂	
၄၄မိနစ် ဆစ်ဝယ်လ်	၂–၂	
၅၅မိနစ် လီတာ	၃–၂	
ဝက်စ်ဟမ်း	**၃–၁**	**ချာလ်တန်**
	၀–၁	၁၅မိနစ် ဒါရင်ဘန့်(ပယ်နယ်တီ)
၅၂မိနစ် ဇာမိုရာ	၁–၁	
၆၆မိနစ် ဇာမိုရာ	၂–၁	
မိနစ်၉၀ ကိုးလ်	၃–၁	

(အင်တာနက်)

တန်ဖိုးသိအိုရီ

ခင်ခင်ကျော်(ပညာရေး)

စာရေးသူသည် အိမ်တွင်ဆပ်ပြာဘူးခွံ၊ ခြင်ဆေးဘူးခွံ၊ သွားတိုက်ဆေးဘူးခွံစသည့် စက္ကူဘူးခွံများကို အမှိုက်ခြင်းထဲမထည့်ဘဲ စုပြီးသိမ်းထားတတ်သည်။ အမှိုက်ခြင်းထဲ ပစ်လိုက်၍ အကျိုးမရှိ၊ မီးမွှေးနိုင်ခြင်းသည် ၎င်းတို့၏ အသုံးဝင်မှုတန်ဖိုးပင်ဖြစ်သည်။ ယခုအခါ စွန့်ပစ်ပစ္စည်းများကို တစ်ကျော့ပြန်အသုံးပြုနိုင်အောင် တီထွင်ထုတ်လုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်လျက်ရှိသည်။ စွန့်ပစ်ပစ္စည်းသည်ပင် ပြန်လည်မွမ်းမံလိုက်ခြင်းဖြင့် တစ်ဖန်အသုံးဝင်၊ အသုံးပြုနိုင်သောအခြေအနေသို့ ပြန်လည်ရောက်ရှိလာရသည်။ အမှိုက်ထဲက ရွှေဟုဆိုရအောင် တစ်ခါက နိုင်ငံတကာသတင်းဂျာနယ်ထဲ၌ ဖတ်ဖူးသည့်သတင်းတစ်ပုဒ်ကို ဖော်ပြလိုသည်။ လူငယ်တစ်ဦးက အမှိုက်ပုံထဲမှ ပစ္စည်းအတိုအစများကို စုပေါင်းစပ်ပေါင်း၍ စက်ရုပ်များလုပ်ကာ ပြန်ရောင်းသည့်သတင်းဖြစ်သည်။ သူ၏တီထွင်ဖန်တီးမှု အနုပညာလက်ရာကြောင့် အမှိုက်သည် ရွှေဖြစ်သွားခြင်းပင်။

ရုပ်ဝတ္ထုပစ္စည်းများ၌ သူ့အတိုင်းအတာနှင့်သူ အသုံးဝင် အသုံးတည့်သည့် တန်ဖိုးရှိသကဲ့သို့ မေတ္တာ၊ စေတနာတို့ဖြင့် ရစ်ဖွဲ့ထားသော လူမှုအဖွဲ့အစည်းအတွင်း၌ စေတနာ၊ မေတ္တာ၊ ကိုယ်ကျင့်တရားတန်ဖိုးအတိုင်းအဆများ ရှိပေသည်။ **မိဘ၊ ဆရာသမား၊ မိတ်ဆွေကောင်းတို့၏ မေတ္တာ၊ စေတနာတန်ဖိုးသည် တိုင်းတာပိုင်းဖြတ်၍ မရအောင် တန်ဖိုးကြီးလှသည်။ လူကြီးမိဘဆရာသမားတို့၏ မေတ္တာ၊ စေတနာတန်ဖိုးကို နားလည်သောသူတို့သည် ကြီးပွားချမ်းသာရစမြဲပင်။ ခံယူသူက တန်ဖိုးထားတတ်၊ တန်ဖိုးနားလည်ဖို့လိုသည်။** အချို့လူငယ်များ စေတနာ၊ မေတ္တာကို စော်ကားမိ၍ နောင်တရကြရသည်။ ဤသည်မှာ လူကြီးမိဘတို့၏ စေတနာ၊ မေတ္တာ တန်ဖိုးကို နားမလည်မှုပင် ဖြစ်သည်။ ဤသို့ပင် မိတ်ဆွေကောင်းကို တန်ဖိုးမထားတတ်မှုကြောင့် မိတ်ဆွေကောင်း ဆုံးရှုံးရသူများလည်း ဤလောကတွင် ရှိကြသည်။ တန်ဖိုးသိမှ အမှန်အကျိုးရှိဆိုသကဲ့သို့ တန်ဖိုးနားလည်သူ၊ ခံယူတတ်သူအဖို့ ကြီးမားသော အကျိုးတရားကို ရရှိပေသည်။ ကြီးပွားချမ်းသာခြင်းအကြောင်းတွင် မိတ်ဆွေကောင်း၏ အထောက်အပံ့သည် လွန်စွာအရေးပါပေသည်။ မိဘကောင်း၊ ဆရာကောင်း၊ မိတ်ဆွေကောင်းတို့၏ တန်ဖိုးကို ယနေ့လူငယ်များ နားလည်ခံယူတတ်ဖို့လိုသည်။ အချို့မိသားစုတွင် အစ်ကိုကြီး၊ အစ်မကြီးများသည် အဖအရာ၊ အမိအရာ၌ ရှိကြသူများပီပီ ကိုယ်ကျိုးစွန့် အနစ်နာခံရင်း မောင်ညီမငယ်များကို ပြုစုစောင့်ရှောက်ခဲ့ကြသည်။ ထိုသူတို့၏ မေတ္တာ၊ စေတနာတန်ဖိုးသည်လည်း ကြီးမားမြင့်မြတ်လှသည်။ ခံယူသူ မောင်ညီမငယ်တို့က တန်ဖိုးထားတတ်ဖို့လိုသည်။ တန်ဖိုးသိမှလည်း ကျေးဇူးတရားဆိုသည်ကို သိမြင်ပြီး တုံ့ပြန်ပေးဆပ်နိုင်ပေမည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းသည် (၃၈)ဖြာ မင်္ဂလာတရားတော်နှင့်အညီ ကျင့်ကြံနေထိုင်သည်ဖြစ်ရာ ကျေးဇူးတရား၏ တန်ဖိုးကို အလေးအမြတ်ပြုစမြဲဖြစ်သည်။ ကျေးဇူး၏တန်ဖိုးကို နားလည်သူသည် မည်သည့်အခါမှ မတိမ်ကောနိုင်ပါ။ ကြီးပွားချမ်းသာရစမြဲပင်ဖြစ်သည်။ နိုင်ငံသားတိုင်းအတွက် နိုင်ငံတော်၏ကျေးဇူးတရားဟူသည် ရှိသည်။ ဤမြေမှာ မွေး၊ ဤရေကို သောက်၊ ဤမြေမှ အသီးအပွင့်များကို စားသုံးပြီး ရှင်သန်ကြီးပြင်းလာသည့်သူတိုင်းသည် ကိုယ့်ရေ၊ ကိုယ့်မြေကို တန်ဖိုးထားရမည်။ ကျေးဇူးသိရမည်။ ဤပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို စတင်တည်ထောင်ခဲ့သော ပုဂ္ဂိုလ်များမှသည် ယနေ့တိုင် အမျိုးဘာသာ သာသနာနှင့်တကွ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အဘက်ဘက် ဖွံ့ဖြိုးတိုးတက်စည်ပင်သာယာအေးချမ်းအောင် ကိုယ်ကျိုးမငဲ့ ဆောင်ရွက်ခဲ့ကြသူများ၏ တန်ဖိုးတရား၊ ကျေးဇူးတရားများကို ကောင်းစွာ သိရှိပြီး မိမိတစ်နိုင်တစ်ပိုင် ကျေးဇူးတုံ့ပြန်ဖို့လိုသည်။ အမေကျော် ဒွေးတော်လွမ်းခြင်းသည် အမေ့တန်ဖိုးကို နားမလည်သူ၊ ကျေးဇူးကန်းသူသာဖြစ်သည်။

စာတစ်လုံး ဘုရားတစ်ဆူဆိုသည့်အတိုင်း မြန်မာစာပေနှင့်တကွ မြန်မာစာပေကို စည်ပင်ဖွံ့ဖြိုးတိုးတက်ဆောင် ကြိုးပမ်းအားထုတ်ခဲ့သူတို့၏ တန်ဖိုးသည် ကြီးကျယ်မြင့်မြတ်လှသည်။ စာရေးသူသည် မြန်မာစာသင်ကြားနေသော ဆရာမဖြစ်သည်နှင့်အညီ၊ စာသင်တိုင်း စာရေးတိုင်း ပါဠိ၊ သက္ကတမှအစ မြန်မာစာကို ကျေးဇူးပြုခဲ့သူပုဂ္ဂိုလ်တို့၏ ကြီးမြတ်သော တန်ဖိုးနှင့် ကျေးဇူးတရားကို ရှိခိုးကန်တော့မြဲဖြစ်သည်။ တပည့်ကျောင်းသူများဆိုလျှင် စာရွက်တစ်ရွက်အောက်ကျသွားလျှင်ပင် ပြန်ကောက်၍ နဖူးနှင့်ထိကာ ရှိခိုးကန်တော့တတ်အောင် သင်ပေးထားသည်။ အခါအားလျော်စွာလည်း စာပေကို ရိုသေလေးစားပြီး တန်ဖိုးထားတတ်အောင် ပြောပြရပါသည်။ စာပေကို ရိုသေလေးစား၍ တန်ဖိုးထားတတ်ခြင်းဖြင့် စာပေကလည်း မိမိကိုပြန်လည်စောင့်ရှောက်ပါသည်။ ကျားဘမ်းပရုတ်ဆီလုပ်ငန်းဖြင့် ကြီးပွားချမ်းသာလာခဲ့သော ကျားသူဌေးသည် သူ့ဘဝချို့တဲ့စဉ်က ဝမ်းစာရှာရာတွင် အသုံးပြုခဲ့သည့် သမ္ဗန်မှ လှော်တက်ကို ချမ်းသာလာသည့်အခါ ရွှေချထားသည်ဟု ငယ်စဉ်က အဘိုးအဘွားများ ပြောပြဖူးသည်ကို မှတ်မိနေသည်။ မိမိအလုပ်ကို ရိုသေ၍ တန်ဖိုးထားခြင်းသည် ကောင်းကျိုးချမ်းသာကို ဖြစ်စေသည်။

မကျန်းမမာဖြစ်သည့်အခါမှ ကျန်းမာခြင်းတန်းဖိုးကို သိရသည်။ အာရောဂျ ပရမံလာဘံ-ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်သည်။ ကျန်းမာရေးနှင့် ပြည့်စုံရန် မိမိကိုယ်ကိုတန်ဖိုးထား၍ ထိန်းသိမ်းစောင့်ရှောက်ရမည်။ မျက်မှောက်ကာလ ကမ္ဘာကြီးတွင် ရောဂါဆန်းတွေ ထူပြောလှသည်။ ကုရာနတ္ထိဆေးမရှိသည့် အေအိုင်ဒီအက်စ်ရောဂါသည် ကမ္ဘာကို ခြိမ်းခြောက်လျက်ရှိသည်။ ခုခံအားကျဆင်းမှုရောဂါကြောင့် ကမ္ဘာပေါ်တွင် လူသန်းပေါင်း၄၂သန်းခန့် သေဆုံးခဲ့ပြီဖြစ်သည်။ ကြိုတင်ကာကွယ်နည်းများတွင် လူတိုင်းသည် မိမိကိုယ်ကျင့်တရားကို တန်ဖိုးထားမှုသည် အရေးကြီးသော အချက်တစ်ရပ်ဖြစ်သည်။ မိမိကိုယ်ကို တန်ဖိုးမထားဘဲ စိတ်ကိုအလိုလိုက်၍ အပျော်အပါးလိုက်စားလျှင် အေအိုင်ဒီအက်စ်သားကောင်ဘဝသို့ ကျရောက်ရပေမည်။ ဆေးလိပ်ကြောင့် ကမ္ဘာတွင် နှစ်စဉ်လူငါးသန်း သေဆုံးလျက်ရှိသည်။ အရက်ကြောင့် နှစ်စဉ် လူခုနစ်သန်း သေဆုံးနေကြသည်။ မိမိကျန်းမာရေးကို မိမိကိုယ်တိုင် ဥစ္စာရင်လို ဥစ္စာရင်ခဲ တန်ဖိုးထားစောင့်ရှောက်မှသာ အသက်ရှည်အနာမဲ့ ရောဂါကင်း၍ လူ့ဘောင်ကောင်းကျိုးကို သယ်ပိုးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူတိုင်းသည် မိမိကျန်းမာရေးကို တန်ဖိုးထား၍ စောင့်ရှောက်ရပေမည်။

အချုပ်အားဖြင့် တင်ပြရသော် **လောကရှိ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အရာရာတွင် တန်ဖိုးများရှိကြသည်။ ခံယူသူ၊ သုံးစွဲသူတို့သည် မိမိခံယူသုံးစွဲသည့်အရာ၏ တန်ဖိုးကိုသိဖို့လိုသည်။ တန်ဖိုးရှိသောအရာကို တန်ဖိုးထားတတ်ဖို့၊ ရိုသေလေးစားဖို့လိုသည်။ ပြက်ရယ်မပြုသင့်၊ မျက်ကွယ် မပြုသင့်၊ ကျောမခိုင်းသင့်၊ ဥပေက္ခာမပြုသင့်ပါ။ သူ့နေရာနှင့်သူ အသုံးတည့်အောင်၊ အသုံးကျအောင် ခံယူသုံးစွဲ၊ ကျင့်ဆောင်နိုင်ခြင်းဖြင့် ကြီးမားသောအကျိုးတရားနှင့် အောင်မြင်ချမ်းသာခြင်းများကို တန်ဖိုးသိအိုရီက ပေးစွမ်းလျက်ရှိ**ကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

နိုင်ငံဆိုင်ရာလုပ်ငန်းအစီအစဉ်စာတမ်း
လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၉

၂၀၀၆ခုနှစ်မှ၂၀၁၀ပြည့်နှစ်အထိ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်)တို့ ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံဆိုင်ရာ လုပ်ငန်းအစီအစဉ်စာတမ်း လက်မှတ်ရေးထိုးပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၁၁ နာရီက နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာပြည်ထောင်စု မြန်မာနိုင်ငံတော်ကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာနှင့် ယူနီဆက်ကိုယ်စား ရန်ကုန်မြို့ရှိ ယူနီဆက်ရုံးမှ ဌာနေကိုယ်စားလှယ် မစ္စတာရာမက်ရှရက်သာ တို့က လက်မှတ်ရေးထိုးကြသည်။

တက်ရောက်

အဆိုပါ လက်မှတ်ရေးထိုးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ယူနီဆက်မှ ဒုတိယကိုယ်စားလှယ်နှင့်တာဝန်ရှိသူများ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

အကောင်အထည်ဖော်

ယင်းနိုင်ငံဆိုင်ရာ လုပ်ငန်းအစီအစဉ်အရ ကျန်းမာရေးနှင့် အာဟာရ၊ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ဘက်စုံအရည်အသွေးရှိသော ပညာရေး၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုရေးကဏ္ဍ လေ့လာဆန်းစစ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲရေးကဏ္ဍဆိုင်ရာ လုပ်ငန်းစီမံချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ယူနီဆက်တို့က ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၁၈ ရက်က အထက(၃)ကျောင်းခန်းမတွင် ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က အမှာစကားပြောကြားပြီး ကျောင်းသူလေးများက ကျန်းမာရေးပညာပေး တစ်ခန်းရပ်ပြဇာတ် တင်ဆက်ပြသ ဖျော်ဖြေစဉ်။ (၂၅၉)

ဩဂုတ် ၁၅ ရက်က လှိုင်သာယာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေးရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်) ကာကွယ်ရေးနှင့် လူထုသွားကျန်းမာရေးပညာဌာနခွဲမှ ဘွဲ့လွန်ကထိကဆရာကြီး ဦးဌေးမြင့်ဦးက သွားနှင့်ခံတွင်းအကြောင်း သိကောင်းစရာများကို ကျောင်းသား၊ ကျောင်းသူများအား ဟောပြောပို့ချစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၀-၈-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **"ဝေဒနာနုပဿနာ သတိပဋ္ဌာန်"**

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"မေ့မရတဲ့အချစ်ဦး"**
၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၅၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၇။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ မိုးလေဝသသတင်း
၆:၂၅ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၂။ လျှပ်တစ်ပြက်
၆:၄၅ ၁၃။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လှိုု့ဝှက်ချက်"** (အပိုင်း-၆)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ English Premier League ဘောလုံးပွဲ Chelsea Vs Manchester City (Live)

မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းရုံး အဆောက်အအုံ အုတ်မြစ်စီ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရတနာကိုးပါးငွေကြုတ်ကို ထည့်သွင်းမြှုပ်နှံပေး

နှစ်ဖက်သောမိဘများနှင့် ကွယ်လွန်သူ(အစ်မကြီး ဒေါ်တင်မြိုင်၊ အစ်မလေး ဒေါ်သိန်း၊ ညီမလေး ဒေါ်အေးငွေ၊ အစ်ကို ဦးမောင်ငြိမ်း၊ ခင်ပွန်း ဦးအောင်တင်)တို့အား ရည်စူးပြီး ဧရာဝတီတိုင်း မအူပင်မြို့ အောင်ဇေယျလမ်းနှင့် (၅)လမ်းထောင့် အမှတ် ၃၇နေ ဒေါ်တင်ပုက နိဗ္ဗာန်အကျိုးမျှော်၍ မိုးမိတ်တိပိဋက=နိကာယကျောင်းတော်အတွက် သင်္ကန်းငါးစုံ၊ ဆွမ်း၊ ဆေး၊ ရေပဒေသာပင်များနှင့် ဒဂုံမြို့နယ် အမှတ် ၁၆၊ စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် စုစုပေါင်း အလှူငွေကျပ် ၁၂၅၀၀၀၀ကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန် ဩဂုတ် ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့နံနက်၁၀နာရီခွဲက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်း မူးယစ်ဆေးဝါး ပပျောက်ရေး အထိမ်းအမှတ် ပြတိုက်အနီးရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းရုံး မြေနေရာ၌ကျင်းပသည့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းရုံး အဆောက်အအုံ ဆောက်လုပ်ခြင်း အုတ်မြစ်စီမင်္ဂလာ အခမ်းအနားနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ရတနာကိုးပါး ရတနာငွေကြုတ်ကို အုတ်မြစ်တော်အလယ်ဗဟို၌ ထည့်သွင်းမြှုပ်နှံပေးကာ အလှူငွေများကိုလက်ခံသည်။

ဖတ်ကြား

ရှေးဦးစွာ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်းရုံး အဆောက်အအုံ ဆောက်လုပ်ခြင်း အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို အဆောက်အအုံဆောက်လုပ်မည့်နေရာ၌ ကျင်းပရာနိုင်ငံတော်ပြက္ခဒိန် အကြံပေး အဖွဲ့ဝင် မင်္ဂလာအခါတော်ပေးဆရာ ဦးကျော်က မော်ကွန်းကမ္ပည်းကျောက်စာကို ဖတ်ကြားသည်။

ထည့်သွင်းမြှုပ်နှံပေး

ယင်းနောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် တစ်ပြိုင်နက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရတနာကိုးပါး ငွေကြုတ်ကို အုတ်မြစ်တော် အလယ်ဗဟို၌ ထည့်သွင်း မြှုပ်နှံပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ဦးဆောင်၍ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ရတနာအုတ်များကို သတ်မှတ်နေရာများ၌ ထည့်သွင်းမြှုပ်နှံ၍ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေက မော်ကွန်း ကမ္ပည်းကျောက်စာကို ရတနာအုတ်များအပေါ်၌ ဖုံးအုပ်ပေးကာ အုတ်မြစ်စီမင်္ဂလာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်းရုံး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းရုံးအဆောက်အအုံ ဆောက်လုပ်ခြင်း အုတ်မြစ်စီမင်္ဂလာအခမ်းအနားတွင် မော်ကွန်းကမ္ပည်းကျောက်စာကို ရတနာအုတ်များအပေါ်၌ ဖုံးအုပ်ပေးစဉ်။ (သတင်းစဉ်)

အဆောက်အအုံ ဆောက်လုပ်ရန် အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မူးယစ်ဆေးစွဲမှု နှစ်သိမ့်ဆွေးနွေးရေးနှင့် သင်တန်း အဆောက်အအုံခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးစံသိန်းက ရုံးအဆောက်အအုံဆောက်လုပ်ရေးနှင့် အလှူငွေလက်ခံရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက်ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ အလှူရှင်များဖြစ်ကြသော ပြည်ထဲရေး ဝန်ကြီးဌာန မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီး ကာကွယ်ရေး ဗဟိုအဖွဲ့က ငွေကျပ် သိန်း ၁၀၀နှင့် ရှိုင်းဟုတ်ကုမ္ပဏီမှ ဒေါက်တာဒေါ်ခင်ရီကိုယ်စား ဦးမောင်မောင်စံက ငွေကျပ်သိန်း ၁၅၀ တို့ကို ပေးအပ်လှူဒါန်းကြရာဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်း လွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များဖြစ် ကြသော မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာနေဝင်းက ငွေကျပ် ၁၀ သိန်း၊ ဦးမိုးမြင့်က ငွေကျပ်ငါးသိန်း၊ သာကေတမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းက ငွေကျပ် ၃၄၁၀၀၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာကျော်စိန်က ငွေကျပ်သုံး သိန်း၊ ပန်းဘဲတန်းမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ ရွှေပုစွန် မုန့်တိုက်နှင့် ကချင်အထူးဒေသ(၂) တို့က ငွေကျပ် နှစ်သိန်းစီ၊ လှိုင်မြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်း က ငွေကျပ် ၁၆၁၅၀၀၊ ဒေါပုံမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း က ငွေကျပ် ၁၃၀၀၀၀၊ ရှမ်းပြည်နယ်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းရုံးအဆောက်အအုံ ဆောက်လုပ်ရန် အတွက် အလှူရှင်တစ်ဦး၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဆွေးဝင်း မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းရုံး အဆောက်အအုံ ဆောက်လုပ်ရန် အတွက် အလှူရှင်တစ်ဦး၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

(မြောက်ပိုင်း) အထူးဒေသ(၃)၊ မြန်မာ နိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်း ဗဟိုကော်မတီဝင် ဒေါက်တာ တင်ထွန်းဦးနှင့် ပန်းဘဲတန်း မြို့နယ် အစ္စလာမ်သိပ္ပံတို့က ငွေကျပ်တစ်သိန်းစီ တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဆွေးဝင်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ထို့နောက် အလှူရှင်များဖြစ်ကြ သော ကမာရွတ်မြို့နယ်နေ ဦးအောင် ဆန်း-ဒေါ်ရင်ရင်နှင့် လှိုင်သာယာ မြို့နယ် စက်မှုဇုန်တို့က ငွေကျပ်ငါး သိန်းစီ၊ M.K Co., Ltd.၊ ဦးမြင့်စိုး (ဒုတိယရဲအုပ် စခန်းမှူး-အငြိမ်းစား)-ဒေါ်ရှင်မိနှောင်းမိသားစုနှင့် စမ်းချောင်း မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းတို့က ငွေကျပ်သုံးသိန်းစီ၊ ကမာရွတ်မြို့နယ်နေ ဦးဝင်းမြင့် မိသားစု၊ ပန်းဘဲတန်း မြို့နယ်နေ ဦးဇော်မင်းအောင်နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဒေါက်တာ ဒေါ်မမရီနှင့်သမီး ဒေါ်အေးသီတာ တို့က ငွေကျပ်နှစ်သိန်းစီတို့ကို ပေးအပ် လှူဒါန်းကြရာ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေး အပ်သည်။

ဆက်လက်၍ အလှူရှင်များဖြစ် ကြသော မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးစံသိန်း နှင့် သမီး ဒေါ်ချိုချိုစိုးတို့က ငွေကျပ်နှစ် သိန်း၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင် ဦးခွန်မြတ်၊ ကချင်ခရစ်ယာန်ဓမ္မ ရိပ်သာ၊ ခြူးကုမ္ပဏီမှ ဦးစီတင်လှိုင်၊ ပန်းဘဲတန်းမြို့နယ်မှ ဦးအဏ္ဏဝါရီ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင် ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါက်တာ ဘသောင်း၊ Fukkan Co., Ltd.၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဗဟို ကော်မတီဝင် ဦးသာထွန်း၊ ပန်းဘဲတန်းမြို့နယ် ရွှေပန်းထိမ် ပစ္စည်း ရောင်းဝယ်ရေးမှ ဦးကျော်မြင့်နှင့် ဦးထွန်းမောင်၊ ကမာရွတ် မြို့နယ်မှ ရွှေနဂါး ဆီစက်၊ ကမာရွတ်မြို့နယ်မှ ဆမ်းမားပဲလေ့စ်ဟိုတယ်၊ ကမာရွတ် မြို့နယ်မှ ဦးဇော်မင်းဇင်၊ ကမာရွတ် မြို့နယ်မှ ခနေဖြူဒေါ်စောရီ ထမင်းဆိုင်၊ တောင်ဥက္ကလာပမြို့နယ် မူးယစ်ဆေး ဝါး ဆန့်ကျင်ရေးအသင်း၊ တာမွေ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်း တို့က ငွေကျပ်တစ်သိန်းစီ၊ လမ်းမတော်မြို့နယ် မူးယစ်ဆေး ဝါးဆန့် ကျင်ရေးအသင်းက ငွေကျပ် ၁၁၁၀၀၀၊ သန်လျင်မြို့နယ် မူးယစ် ဆေးဝါး ဆန့်ကျင်ရေးအသင်းက ငွေကျပ် ၁၀၅၀၀၀၊ ရွှေပြည်သာမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း က ငွေကျပ် ၁၀၄၇၀၀၊ ရွှေမြယာ အိမ်ရာ စီမံကိန်းမှ ဟာဂျီဦးမြင့်နိုင်နှင့် ဦးမောင်မောင်လေး-ဒေါ်မော်မော် လွင်တို့က ငွေကျပ်တစ်သိန်းစီတို့ကို ပေးအပ် လှူဒါန်းကြရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲမှူးချုပ်ခင်မောင်နှင့် မြန်မာ နိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်း ဥက္ကဋ္ဌ ဦးစံသိန်းတို့က လက်ခံ ယူကြပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်သွယ်လှူဒါန်းနိုင်

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့် ကျင်ရေး အသင်းရုံးအတွက် ဆောက် လုပ်မည့် အဆောက်အအုံမှာ နှစ်ထပ် အဆောက်အအုံ ဖြစ်ပြီး ငွေကျပ် ၅၄၉ သိန်းကျော် ကုန်ကျမည်ဖြစ် သည်။ လက်ခံရရှိပြီး အလှူငွေမှာ ငွေကျပ် ၃၆၉သိန်းကျော်ဖြစ်ကာ အလှူ ရှင်များက လှူဒါန်းလိုပါက မြန်မာ နိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်းသို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်း သိရှိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၈-၂၀၀၆
(တနင်္ဂနွေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	နိုင်ငံဂုဏ်ကို ဖော်ဆောင်နေသော စက်မှု(၁)မှ ရွှေတောင်ချည်ထည်များ
၇:၂၅	ပြည်တွင်းသတင်းအကျဉ်း
၇:၃၅	တေးဂီတအစီအစဉ်
၇:၄၀	နိုင်ငံတကာအနုပညာရေးရာ
၈:၁၀	တေးဂီတအစီအစဉ်
၈:၁၅	စာပေပညာရှင်များနှင့်တွေ့ဆုံခြင်း (ဒေါ်စောမုံညင်း)
၈:၃၀	တေးဂီတအစီအစဉ်
၈:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၄၀	Sunday Talk [ဒေါက်တာ ဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)]
၉:၃၅	တေးဂီတအစီအစဉ်
၉:၄၀	ပြည်တွင်းသတင်းအကျဉ်း
၉:၅၀	ခေတ်မီစက်များနှင့် ထုတ်ကာထား FAME ဆေးဝါးများ
၁၀:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅	ပြည်သူ့အတွက် ကျန်းမာရေး (ခါးနာရောဂါအကြောင်း မေးမြန်းခန်း) (ဒေါက်တာချစ်စိုး)
၁၀:၃၀	မိုးလေဝသခန့်မှန်းချက်
၁၁:၂၀	Myanmar Video Rhythm
၁၁:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅	ဆင်ယင်ရိုးရာ ဒို့မြန်မာ
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၆:၃၀	ပွဲကြိုသုံးသပ်ချက်	5-Sports
၆:၅၅	Man Utd-Fulham	5-Sports (Live)
၉:၂၅	Chelsea-Man City	5-Sports (Live)
၁၁:၃၀	Final Score	5-Sports (Live)

ကမ္ဘာတစ်လွှား အားကစား

ဟော်လန် နောက်ခံလူ ခါလစ်ဘောလာဟုဇ် ချယ်လ်ဆီး အသင်းမှ ခေါ်ယူမည်

စုစည်းတင်ပြသူ

မောင်မောင်မြင့်ဆွေ

လန်ဒန် ဩဂုတ် ၁၉

လူသစ်များ ခေါ်ယူရာတွင် မတင်းတိမ်နိုင်သေးသည့် ချယ်လ်ဆီးကလပ်သည် ဟော်လန်အသင်း နောက်ခံလူ ခါလစ်ဘောလာဟုဇ်အား ခေါ်ယူရေး၌ သဘောတူ လက်မှတ်ရေးထိုးရန် အသင့်ဖြစ်နေပြီဟု သိရသည်။

ချယ်လ်ဆီးမှခေါ်မည့် ခါလစ်ဘောလာဟုဇ်။ (ဓာတ်ပုံ-အင်တာနက်)

လက်မှတ်ရေးထိုး

ခါလစ်ဘောလာဟုဇ်သည်လက်ရှိတွင် ဂျာမနီကလပ် ဟမ်းဘတ် အက်စ်ဗွီတွင် ကစားနေသူဖြစ်ပြီး ချယ်လ်ဆီးသို့ ပြောင်းရွှေ့ကစားရေးမှာ အပြီးသတ် လက်မှတ်ရေးထိုးရန်သာလိုတော့သည်။

တွေ့ဆုံဆွေးနွေး

အသက် ၂၄ နှစ်အရွယ်ရှိ ခါလစ်ဘောလာဟုဇ်သည် ချယ်လ်ဆီးကလပ်နှင့် တွေ့ဆုံဆွေးနွေးရန်နှင့် ဆေးစစ်မှုများပြုလုပ်ရန် ယခုသီတင်းပတ်ကုန်တွင် လန်ဒန်သို့ ရောက်ရှိလာမည်ဖြစ်သည်။

၁၅ပွဲကစားခဲ့

ခါလစ်ဘောလာဟုဇ်သည် ဟော်လန်အသင်းနှင့်အတူ ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ပါဝင်ကစားခဲ့သူဖြစ်ပြီး အဓိက နောက်တန်းဗဟိုခံစစ်မှူးတစ်ဦးလည်း ဖြစ်သည်။ ဟော်လန်အသင်းတွင်အသင်း ခေါင်းဆောင်အဖြစ် ၁၅ပွဲ ကစားပေးခဲ့ပြီး ၂၀၀၆ ကမ္ဘာ့ဖလားပွဲ၌ ဟော်လန်အသင်းတွင် နှစ်ပွဲသာ ပါဝင်ကစားခဲ့သည်။

အနီကတ်အပြစ်ခံရ

သို့ရာတွင် ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားပွဲ၌ ဒုတိယရှုံးထွက် အုပ်စုပွဲအဖြစ်ပေါ်တူဂီနှင့်ကစားခဲ့ရာ ပေါ်တူဂီကစားသမား စီရိုနယ်ဒိုအား ထိခိုက်နာကျင်အောင် ကစားခဲ့သဖြင့် အနီကတ်အပြစ်ခံရကာ ပြိုင်ပွဲမှ ထွက်ခဲ့ရသူဖြစ်သည်။

ပြောကြား

ခါလစ်ဘောလာဟုဇ်သည် ခံစစ်လုံသော ကစားသမားကောင်းတစ်ဦးဖြစ်ကြောင်း၊ ချယ်လ်ဆီးတွင် ပုံမှန်နေရာရမည့်သူတစ်ဦးဖြစ်ကြောင်း ချယ်လ်ဆီးအသင်း လက်ထောက်နည်းပြ စတီကလာကီက ပြောကြားသည်။

(အင်တာနက်)

ကမ္ဘာ့အမြင့်ဆုံးချန်ပီယံခါးပတ်ရယူရန် ဟဲဗီးဝိတ်ချန်ပီယံဟောင်းဟိုလီဖီးပြန်လာပြီ

ရေးသားတင်ပြသူ

မြင့်မောင်စိုး

ဒါးလက်စ် ဩဂုတ် ၁၉

ဟဲဗီးဝိတ်ချန်ပီယံဟောင်း အီဗန်ဒါဟိုလီဖီးသည် ပဥ္စမမြောက် ကမ္ဘာ့ချန်ပီယံခါးပတ်တစ်ခု ပြန်လည်ရယူရန် မျှော်လင့်ချက်များစွာဖြင့် လက်ဝှေ့လောကသို့ ဩဂုတ် ၁၈ရက်တွင် ပြန်လည်စတင်ဝင်ရောက်လာသည်။

အဆိုပါ လက်ဝှေ့ချန်ပီယံဟိုလီဖီးသည် အမေရိကန်နိုင်ငံသားဖြစ်ပြီး ယခုအခါ အသက် ၄၃နှစ်ပင်ရှိပြီဖြစ်သည်။ ၎င်းသည် ဒါးလက်စ်မြို့၌ ဂျာရီမီဘိတ်စ်နှင့် မကြာမီယှဉ်ပြိုင်ထိုးသတ်ရန် စီစဉ်ထားသည်။

ဟိုလီဖီးသည် နောက်ဆုံးထိုးခဲ့သော ပွဲခြောက်ပွဲတွင် တစ်ပွဲသာလျှင် အနိုင်ရရှိခဲ့သည်။ ၎င်း၏နောက်ဆုံးရှုံးပွဲမှာ နယူးယောက် လက်ဝှေ့တာဝန်ရှိသူများက ၎င်း၏လိုင်စင်ကို သိမ်းခဲ့သဖြင့် တရားဝင်အရှုံးမဟုတ်ဟု ဟိုလီဖီးက ဆိုသည်။

လေးကြိမ်

မိမိသည် ထိပ်ဆုံးမှ သရဖူတစ်ခုခုကိုရယူပြီး လက်ဝှေ့လောကမှ အနားယူလိမ့်မည်ဟူ၍လည်း ဟဲဗီးဝိတ်ချန်ပီယံ လေးကြိမ်ရခဲ့ဖူးသော ဟိုလီဖီးက ပြောကြားသည်။

ဟိုလီဖီးသည် တက္ကဆက်ပြည်နယ်၌ လိုင်စင်တစ်ခုမျှမရှိသော်လည်း ဩဂုတ် ၁၇ရက်က ပွဲဝင်ထိုးသတ်ရန်အတွက် ကိုယ်အလေးချိန်ခဲ့ရာ ပေါင် ၂၂၀ရှိသည်ဟုဆိုသည်။

ရေပန်းစား

ဟိုလီဖီး၏ပြိုင်ဘက် ဘိတ်စ်က ပေါင် ၂၂၅ဒသမ၅ပေါင်ရှိသည်။ ယင်းတို့နှစ်ဦး မကြာမီ ထိုးသတ်မည့် ခါးပတ်လုပွဲတွင် ဟိုလီဖီးအနိုင်ရရှိရန် ရေပန်းစားနေသည်။



မိုက်တိုင်စန်နှင့်ခေတ်ပြိုင် ဟဲဗီးဝိတ်ချန်ပီယံဖြစ်လာသော ဟိုလီဖီး။
(ဓာတ်ပုံ-အင်တာနက်)

ဟိုလီဖီးက ၂၀၀၇ခုနှစ်တွင် ချန်ပီယံ ခါးပတ်တစ်ခုကိုယူပြီး ၂၀၀၈ အိုလံပစ် ခါးပတ်များအားလုံး ၎င်း၏ခါးတွင်ပတ်ထားရန် စီစဉ်နေကြောင်းလည်းသိရသည်။

အဆိုပါ ဟဲဗီးဝိတ်ချန်ပီယံဟောင်း ဟိုလီဖီးသည် အကျော်ကြားဆုံး လူသားတစ်ဦးအဖြစ် လက်ဝှေ့လောကမှအနားယူရန် စီစဉ်ထားကြောင်း သိရသည်။ ၎င်းခါးပတ်သည် ပေကျင်းမြို့၌ ကျင်းပမည့် အိုလံပစ်ချန်ပီယံခါးပတ် ဖြစ်နိုင်သည်ဟုဆိုသည်။

(အင်တာနက်)

မန်ယူ၏ လုပ်ဆောင်ချက် ဗီလာရီးရဲလ်စိတ်ပျက်ပြီ

လန်ဒန် ဩဂုတ် ၁၉

ဗီလာရီးရဲလ်အသင်း ကွင်းလယ်ကစားသမား မာကော့စ်စင်နာအား မန်ယူ၏ စိတ်ဝင်စားမှု အမျိုးမျိုးပြောင်းလဲနေခြင်းအပေါ် စိတ်ပျက်ရကြောင်း ဗီလာရီးရဲလ် ကလပ်ဥက္ကဋ္ဌ ဖာနန်ဒိုရိုက စိတ်ပျက်စွာ ပြောကြားလိုက်သည်။



ဗီလာရီးရဲလ် ကွင်းလယ်ကစားသမား မာကော့စ်စင်နာ။
(ဓာတ်ပုံ-အင်တာနက်)

ဆုံးဖြတ်ချက်

မန်ယူကလပ်သည် စင်နာနှင့်ပတ်သက်၍ ချီတုံချတုံဖြစ်နေကြောင်း၊ မန်ယူ၏ ကနဦးကမ်းလှမ်းချက်တွင် ပြောင်းရွှေ့ခပေါင်ငွေ လေးသန်းဖြင့် ကမ်းလှမ်းခဲ့ပြီး ဗီလာရီးရဲလ်က သဘောတူခဲ့ပြီးပါမှ မန်ယူတို့ ဆုံးဖြတ်ချက်ပြောင်းခဲ့ပြန်ကြောင်း၊ ယင်းမှာမဖြစ်သင့်ကြောင်း ဖာနန်ဒိုရိုကပြောကြားလိုက်သည်။

ဆက်ဆံရေး

ယခုလို အမျိုးမျိုးပြောကြားမှုမှာ ကလပ်နှစ်သင်းအကြား ဆက်ဆံရေးကို ထိခိုက်ကြောင်း၊ စင်နာအတွက်လည်းမကောင်းကြောင်း၊ နစ်နာမှုဖြစ်ရကြောင်း၊ ယခုအချိန်၌ မန်ယူမှ မည်သို့သော ကမ်းလှမ်းမှုကိုမျှလက်ခံတော့မည်မဟုတ်ကြောင်း၊ စင်နာသည် ဗီလာရီးရဲလ်၌သာရှိနေမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အရေးပါ

အသက် ၃၀ နှစ်အရွယ်ရှိ စင်နာသည် ဘရာဇီးနိုင်ငံတွင် မွေးဖွားခဲ့သူဖြစ်ပြီး စပိန်နိုင်ငံသား ခံယူထားသူဖြစ်သည်။ ပြီးခဲ့သည့် ၂၀၀၆ ကမ္ဘာ့ဖလားပွဲ၌ စပိန်အသင်းတွင် ပါဝင်ကစားပေးခဲ့သူ ဖြစ်သည်။ ဗီလာရီးရဲလ်တွင် အရေးပါသောကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ချန်ပီယံလိဂ်ဘောလုံးပွဲ၌ ဗီလာရီးရဲလ်ကို အကြိုဗိုလ်လုပွဲအထိ ရောက်အောင် အဓိကနေရာမှ စွမ်းဆောင်ခဲ့သူတစ်ဦးလည်း ဖြစ်သည်။ **(အင်တာနက်)**

ဂျူဗင်းတပ်စ် စီးရီးအေတက်ခွင့်မရတော့

ရောမ ဩဂုတ် ၁၉

ဂျူဗင်းတပ်စ်အသင်းသည် စီးရီးအေသို့ပြန်ဝင်ရန်ကြိုးစားမှုမှာ အောင်မြင်မှုမရခဲ့ကြောင်း၊ ယခုအခါ အီတလီစီးရီးအေ ဘောလုံးရာသီတွင် ပါဝင်ကစားခွင့်မရနိုင်တော့ကြောင်း သိရသည်။

ငြင်းပယ်ခဲ့

အီတလီ အိုလံပစ်ကော်မတီသို့ ဂျူဗင်းတပ်စ်အသင်း အသနားခံစာတင်သွင်းခဲ့သော်လည်း မရခဲ့ချေ။ အီတလီ ဘောလုံးအဖွဲ့ချုပ်ကလည်း ဂျူဗင်းတပ်စ်အသင်း စီးရီးအေ ပြန်တက်မှုကို ငြင်းပယ်ခဲ့ပြန်သည်။

သာမန်အသင်း

အီတလီ အိုလံပစ်ကော်မတီ၏ ဩဂုတ် ၁၄ရက်က ဆုံးဖြတ်ချက်တွင် ဂျူဗင်းတပ်စ်၏ ပြီးခဲ့သည့် ဘောလုံးရာသီနှစ်ခု၌ ရရှိခဲ့သော ဆုများကိုလည်း ရုပ်သိမ်းခဲ့သည်။ ၂၀၀၅-၂၀၀၆ စီးရီးအေ ချန်ပီယံဖြစ်ခဲ့သော ဂျူဗင်းတပ်စ်တို့ သာမန်အသင်းတစ်သင်းအဖြစ်သာ ရပ်တည်ရတော့မည် ဖြစ်သည်။

ဂျူဗင်းတပ်စ်အသင်းတံဆိပ်။
(ဓာတ်ပုံ-အင်တာနက်)

စီးရီးအေ၌ လာဇီယို၊ဖီအိုရင်းတီးနား၊ အေစီမီလန်နှင့်ဂျူဗင်းတပ်စ်တို့ လုပ်ပွဲများကစားခဲ့မှုကြောင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခြင်း ခံခဲ့ရသည်။ **(အင်တာနက်)**

ရှုန်နေနှင့် ပေါလ်စခိုး ပွဲအပယ်ခံရမှု အမ်စတာဒမ်ပွဲမကစားတော့ဟု ဖာဂူဆန်ပြောပြီ

လန်ဒန် ဩဂုတ် ၁၉

မန်ချက်စတာယူနိုက်တက်အသင်းက ယခုနှစ်ရာသီအကြိုတွင် ကစားသမားနှစ်ဦး အနီကတ်ပြ ပွဲပယ်ခံရသည့်အတွက် လာမည့်ရာသီ၌ အမ်စတာဒမ်ပြိုင်ပွဲများတွင် ပါဝင်ကစားတော့မည် မဟုတ်ကြောင်း ပြောကြားလိုက်သည်။

ထွက်ခဲ့ရ

ဝိန်းရှုန်နေနှင့် ပေါလ်စခိုးတို့သည် ပေါ်တိုအသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် အနီကတ်များဖြင့် ပြိုင်ပွဲမှ ထွက်ခဲ့ကြရသည်။

အမျက်ဒေါသထွက်

အဆိုပါ ကစားသမားနှစ်ဦး သုံးပွဲအပယ်ခံရသည့် ဆုံးဖြတ်ချက်များထုတ်ပြန်ခဲ့ပြီးနောက် မန်ယူမန်နေဂျာဆာအလက်ဇ်ဖာဂူဆန်က ဒိုင်လူကြီး ရှဒ်ဘော့ဆင်အား အမျက်ဒေါသထွက်လျက်ရှိသည်။

မိမိတို့သည် အမ်စတာဒမ်ပြိုင်ပွဲတွင် နောက်နောင် ကစားတော့မည်မဟုတ်ကြောင်းလည်း ဖာဂူဆန်က ဆိုသည်။

ရှုန်နေနှင့် ပေါလ်စခိုးတို့သည် ပရီမီယာလိဂ်အဖွင့်ပွဲ ဖူလ်ဟမ်နှင့် ယှဉ်ပြိုင်ကစားရာတွင် ပါဝင်ကစားခွင့်ရှိမည်ဖြစ်သော်လည်း ချာလ်တန်၊ ဝက်ဖို့ဒ်နှင့် တော့တင်ဟမ်အသင်းများနှင့် ယှဉ်ပြိုင်ကစားရာတွင် ပါဝင်ကစားခွင့်ရလိမ့်မည်မဟုတ်ပေ။

ထိုကစားသမားနှစ်ဦးသည် မန်ယူ၏ အဓိကမဏ္ဍိုင်ကစားသမားများဖြစ်ကြပြီး သုံးပွဲအပိတ်ခံရသဖြင့် ဖာဂူဆန်၏ ပရီမီယာလိဂ်တာအထွက်မောင်းတင်ထားသော ခလုတ်ကို ရိုက်ချိုးလိုက်ခြင်းလည်းဖြစ်သည်။

ပရီမီယာလိဂ်ကန့်လန့်ကာအဖွင့်ပွဲများတွင် ဖာဂူဆန် အားထားရသော ကစားသမားနှစ်ဦး ပွဲပယ်ခံ လိုက်ရ၍ ပြိုင်ဘက် ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ ခြေတစ်လှမ်းအသာ ရသွားနိုင်သည်။ **(အင်တာနက်)**

အမ်စတာဒမ်ပြိုင်ပွဲ အနီကတ်ကြောင့် သုံးပွဲအပယ်ခံရသော မန်ယူကစားဖော် ညီအစ်ကို။ (ဓာတ်ပုံ-အင်တာနက်)

မွေးနေ့ဆုမွန်

သမီးလေး **လဝန်းရွှန်းလက်** ရဲ့ ၂၀-၈-၂၀၀၆ရက်နေ့မှာကျရောက်တဲ့ မွေးနေ့မှသည် နောင်နှစ်ပေါင်း ၁၂၀ ကျော်တိုင် မိဘများနှင့် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် တိုင်းပြည်နှင့် လူမျိုးအကျိုး၊ မိသားစုအကျိုးကို ဆောင်ရွက်နိုင်သော သမီးကောင်း ရတနာလေးဖြစ်ပါစေ။

ဘိုးဘိုး၊ဘွားဘွား
ချစ်ဖေဖေ-ဦးသီဟအောင်
ချစ်မေမေ-ဒေါ်ဇင်မေအေး။

မိုးကုတ်ရိပ်သာ တရားပွဲကျင်းပ ကထိန်မတည်ငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၉

သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ရိပ်သာကြီး၌ ဖခင်ကြီး ဦးတင်ဦး၊ မိခင်ကြီး ဒေါ်ကြည်တို့အား ကျေးဇူးဆပ်သောအားဖြင့် ကျန်ရစ်သူသားသမီးမြေးတစ်စုတို့က (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) အောင်စကြာ ဆရာတော်နှင့် သံဃာတော်ငါးပါးတို့အား သိက္ခာထပ်၍ ကထိန်မတည် အလှူငွေကျပ်တစ်သိန်း၊ ကျောင်းဆောက်ရန်ငွေကျပ်တစ်သိန်း၊ ယောဂီ ၁၅၀ ကျော်တို့အား ဩဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၆ ရက်အထိတရားစခန်းကျင်းပလှူဒါန်းမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် (ပိဋကတ်)နှစ်ပုံဆောင် ဆရာတော် ဦးပဏ္ဍိတက သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဟု သိရသည်။

(က-ပ)



ကျေးဇူးဆပ်ပါမည်

ပဲခူးတိုင်း၊ သာယာဝတီခရိုင်၊ မြန်မာ့အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသော ထုတ်ကုန် သွင်းကုန်လုပ်ငန်းလုပ်ကိုင်သူ မှတ်ပုံတင်လက်မှတ် ကြီးကြပ်အမှတ်-ထသက/၀၃၈၆ မူရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဦးသောင်းဝင်း ဖုန်း-၀၉-၅၀- ၁၇၂၀၉။**

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့် စေတီတော် ရွှေစင်ရွှေပြား ကပ်လှူရန်နှင့် မသိုးသင်္ကန်း ကပ်လှူပူဇော်ရန်အတွက် ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်း အမှတ်၃၅၂-၃၆၆ အခန်းအမှတ် ၁၃နေ ဒေါ်စိန်ရီ သမီး ဒေါ်စန္ဒာဟန်၊ ဒေါ်ရွှေဝါစိန် မိသားစုက အလှူတော်ငွေကျပ် ၁၀၈၄၀၀ကို စေတီတော် ဂေါပကအဖွဲ့သို့ လှူဒါန်းစဉ်။ (က-ပ)

ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အလက(၈)မြောက်ဥက္ကလာပ၌ကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

၂၀၀၆-၂၀၀၇ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် မြောက်ဥက္ကလာပမြို့နယ် ကျောင်းကျန်းမာရေးကော်မတီ၏ဦးဆောင်မှုဖြင့် မြို့နယ်ကျောင်းကျန်းမာရေးအဖွဲ့နှင့်အမှတ်(၈) အခြေခံပညာအလယ်တန်းကျောင်းကျန်းမာရေးအဖွဲ့တို့ ပူးပေါင်း၍ ဩဂုတ်၁၇ရက်ကကျင်းပရာ ကျောင်းသားကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ အရပ်နှင့်ကိုယ်အလေးချိန်တိုင်းတာခြင်း၊ ကျန်းမာရေးအသိပညာပေး စာစီစာကုံးပြိုင်ပွဲကျင်းပခြင်းနှင့် အာဟာရကျွေးမွေးခြင်းများ ဆောင်ရွက်သည်။ **(အောက်ပုံ)**

ပူးပေါင်းပါဝင်

အဆိုပါ ကျောင်းကျန်းမာရေးသီတင်းပတ်ဆောင်ရွက်ခြင်းကို အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများကျောင်းသို့လာရောက်စစ်ဆေးခြင်း၊ မြို့နယ်ကျောင်းကျန်းမာရေးကော်မတီများ၊ ကျောင်းအုပ်ဆရာကြီး ဦးထွန်းညွန့်နှင့် ဆရာ၊ ဆရာမများက ပူးပေါင်းပါဝင်ပြီး ကျောင်းသန့်ရှင်းရေးလုပ်ရှားမှုကို ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



မင်္ဂလာဗျူဟာ သွေးလှူဒါန်းပွဲ

ရန်ကုန် ဩဂုတ် ၁၉

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ် ဗုဒ္ဓဘာသာ သင်တန်းကျောင်းတွင် ဒါနဥပပါရမီ သွေးလှူဒါန်းပွဲ(၈၄)ကြိမ်မြောက်အဖြစ် ဩဂုတ်၂၇ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်ရာ မည်သူမဆို သွေးလှူဒါန်းနိုင်ပြီး သွေးလှူရှင်များအတွက် အာဟာရကုသိုလ်၊ ပဒေသာမဲကုသိုလ်စသည့် အလှူငွေပစ္စည်းများကို တတ်စွမ်းသရွေ့လှူဒါန်းနိုင်သည်။ သွေးလှူဒါန်းလိုသူများသည် ဩဂုတ် ၂၆ရက်(စနေနေ့)နံနက်၇နာရီမှစ၍ မင်္ဂလာဗျူဟာအသင်းချုပ်သို့ ကိုယ်တိုင်ကြွရောက်၍ အသိအမှတ်ပြု ကတ်ပြားပေးကာ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းဖြင့် သွေးလှူဒါန်းရေးအဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ (၃၅၂)

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

တောင်ကြီး ဩဂုတ် ၁၅

ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၀၆ ခုနှစ် ဩဂုတ်လ အလုပ်အမှုဆောင်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲက တောင်ကြီးမြို့ ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ရုံးခန်းမတွင် ကျင်းပရာ နာယက ဒေါ်သင်းမျိုးမျိုးအောင် (အောက်ပုံ) **က အဖွင့်အမှာစကား ပြောကြားသည်။**

ဆွေးနွေးတင်ပြ

ဆက်လက်၍ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမြင့်နှင့် ဌာနကြီး၊ လုပ်ငန်းအဖွဲ့၊ လုပ်ငန်းအဖွဲ့ခွဲတာဝန်ခံများမှ မိမိတို့ လုပ်ငန်းတာဝန် အလိုက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်ရှိသည့် အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ရှေ့လုပ်ငန်းစဉ်ချမှတ်

ထို့နောက်တက်ရောက်ကြသူများက ဝိုင်းဝန်းညှိနှိုင်းဆုံးဖြတ်၍ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကက လိုအပ်သည်များ မှာကြားကြောင်းသိရသည်။

(ပြည်နယ်အမျိုးသမီးရေးရာ)

တီးတိန်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွက် စာသင်ခုံလှူဒါန်း

တီးတိန် ဩဂုတ် ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၏ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း စာသင်ခုံ ပေးအပ်လှူဒါန်းပွဲကို ချင်းပြည်နယ် တီးတိန်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်းတွင် ဇူလိုင် ၂၅ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးကိုယ်စား ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးအောင်က စာသင်ခုံတန်းရှည် ရှစ်လုံးကို တီးတိန်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း ကျောင်းထိုင်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

တက်ရောက်

အခမ်းအနားသို့ တီးတိန်မြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဝန်ကြီးသည် ဖလမ်းမြို့ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် လည်းကောင်း၊ ဟားခါးမြို့နယ် ဆူလ်ခွာ အထက်တန်းကျောင်း၊ ထန်တလန်မြို့နယ်တွင် နရိမ်အထက်တန်းကျောင်းနှင့် ဟရဟ် အထက်တန်းကျောင်းများ၌လည်း စာသင်ခုံများ လှူဒါန်းကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ ရက်
၂၁-၈-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အာဋာနာဋိယသုတ်)

နေ့လယ်ပိုင်း

၁၀း၀၀ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာရန် စံသီချင်းများ (ခေတ်ဟောင်း/ကာလပေါ်)
-ဝါသနာရှင်အဆင့်-အမျိုးသမီး
(၁) ဓမ္မစကြာ-ဒေါ်ကြည်အောင်
-အဆင့်မြင့်ပညာရှင်အဆင့်-အမျိုးသား
(၁) ဒို့တောရွာ-ဦးသြဘာသောင်
(၂) ဂုဏ်တော်ဖွင့်-ပြည်လှဖေ

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (FAME သွေးတိုးထိန်းဆေး ထုတ်လုပ်မှုအကြောင်း)(အပိုင်း-၂)

၁၂း၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ

၁၂း၂၅ အားကစားသတင်းပဒေသာ

၁၂း၃၅ ကျန်းမာရေးရာပြန်ကြားလွှာ

၁၂း၄၅ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာရန် မဟာဂီတသီချင်းကြီးများ
-ပညာရှင်အဆင့်
(၁) ဇမ္ဗူကျွန်းလုံး သီချင်းခံ-ဒေါ်ကြည်ကြည်ဝင်း
(၂) တောင်ယံတောကြီး-မွန်-မမိုးကြည်

၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (တတိယတန်း-ပြည်ထောင်စုစိတ်ဓာတ်-ပြည်နယ်နှင့်တိုင်းများ)

ညနေပိုင်း

၁၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်ပါဠိနှင့်အနက်

၁၆း၄၅ အနုပညာရှင်များနှင့် ဆွေးနွေးခန်း (သရုပ်ဆောင်ထွန်းထွန်း-Example)

၁၇း၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ

၁၇း၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (ဗုဒ္ဓဘာသာနှင့် နေ့စဉ်ဘဝ-မောင်သိန်းလှိုင်)

၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉း၁၅ မြန်မာမှု မြန်မာ့သဘင်ကွက်စိပ် (တွံတေးဒဂုံဆရာညွန့်၏ ဗုဒ္ဓဝင် ရွှေပလ္လင်အောင်တော်မူခန်း)

၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မရွှေစိမ်းက မြေလျှိုးမိုးပျံ
(၂) ရွှေဘုံပေါ်မှာစံချင်သူ
(၃) ကိုယ့်အလှဘဝ ငွေလမင်း

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

တမူး ဩဂုတ် ၁

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးကို သုံးနှစ်စီမံချက်ချမှတ်ပြီး ဧက ၅၀ လျာထား၍ ၂၀၀၆-၂၀၀၇ ခုနှစ်အတွက် ၁၅ ဧကကို ခုတ်ထွင်ရှင်းလင်းပြီး စိုက်ပျိုးရာ ဇူလိုင် ၁၉ ရက်က ခြံစည်းရိုးကြက်ဆူပင် ၁၀၀၀၀ ကျော်ကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွန့် ကြီးကြပ်မှုဖြင့် ဒုတိယဦးစီး ဦးအောင်ကျော်မျိုးနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ မြေချ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

မိုးညှင်းမြို့နယ်တွင် စက်ချုပ်သင်တန်းဆင်း သင်တန်းအတွေ့အကြုံ ရှင်းလင်းပြောကြား

မိုးညှင်း ဩဂုတ် ၁၁

မိုးညှင်းခရိုင်နှင့် မိုးညှင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကကြီးမှူး၍ တစ်လကြာဖွင့်လှစ်ခဲ့သည့် စက်ချုပ်သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၅ ရက်က မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ယဉ်မင်းထွန်းက အမှာစကား ပြောကြားပြီး သင်တန်းဆင်း လက်မှတ် ပေးအပ်သည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် ခရိုင် မိခင်နှင့်ကလေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦးနှင့် တာဝန်ရှိသူတို့က စက်ချုပ်သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရ ထူးချွန်သင်တန်းသူများအား ဂုဏ်ပြုဆုကို လည်းကောင်း၊ စက်ချုပ်နည်းပြ ဒေါ်မင်းမင်းစိုးအား ဂုဏ်ပြုလက်ဆောင်ကို လည်းကောင်း ဆုများချီးမြှင့်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက်စက်ချုပ်နည်းပြက သင်တန်းအတွေ့အကြုံကို ရှင်းလင်းပြောကြားပြီး သင်တန်းသူများ ကိုယ်စား မဂျာခေါ်နက ကျေးဇူးတင်စကား ပြောကြားသည်။

(၁၅၂)

ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း ချုံနွယ်ရှင်း

ဗန်းမော် ဩဂုတ် ၁၅

ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှသောင်းသည် ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီက ဗန်းမော်မြို့ ဗလမင်းထင်ဂေါက်ကွင်းနှင့် ကွန်ပျူတာကောလိပ်ကြားရှိ လမ်းဘေးဝဲယာတွင် စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် မြက်ပင်နှင့် ချုံနွယ်ပင်များ ရှင်းလင်းမှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ပန်းအလှပင်များစိုက်ပျိုး

မြက်ပင်နှင့် ချုံနွယ်ပင်များ ရှင်းလင်းရာတွင် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြပြီး လမ်းဘေးဝဲယာ တစ်လျှောက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပန်းအလှပင်များ စိုက်ပျိုးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တာမိုးညဲမြို့ အမှတ်(၄)ရပ်ကွက် ချယ်ရီလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဇူလိုင် ၂၅ရက်က တာမိုးညဲမြို့ တာဝန်ခံ ဦးမိုင်းဟသ်ာထွန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဂွန်ဆန်လောန်တို့က ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က မြို့သာယာလှပရေးအတွက်လမ်းဘေးကပ်တုံးလုပ်ငန်းများ ဆောင်ရွက် နေမှုကို ဩဂုတ် ၃ ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဇူလိုင် ၃ ရက်က အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသရှိ တက္ကသိုလ်ကြီးများတွင် ပညာသင်ကြားလျက်ရှိကြသော ပညာသင် မြန်မာရဟန်းတော်များအား လှူဒါန်းလျက်ရှိသော ပညာရေး အလှူတော်ငွေ ကျပ်တစ်သိန်းကို ရန်ကုန်မြို့ လသာမြို့နယ် လသာလမ်း အမှတ် ၄၅နေ ဒေါ်မေသက်ခိုင် မိသားစုက အရှင်ဥက္ကဋ္ဌ(အဖွဲ့အထွေထွေ အတွင်းရေးမှူး)ရှေ့မှောက်၌ အကျိုးတော်ဆောင် ဒေါ်အေးအေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

လျာထားသည့်လုပ်ငန်းများ အချိန်မီပြီးစီးအောင်ဆောင်ရွက်

ကျေးလက်များတွင် အဝီစိတွင်းများ တိုးချဲ့တူးဖော်

မုဒုံ ဩဂုတ် ၅

စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်၊ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်၊ ဒုတိယအင်ဂျင်နီယာမှူးများနှင့်အတူ ဇူလိုင် ၂၆ ရက်နှင့် ၂၇ရက်များတွင် မုဒုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ဆဲလုပ်ငန်းနှင့် ဆောင်ရွက်ပြီးစီးမှု လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။



ကြည့်ရှုစစ်ဆေး

ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း စီမံချက်နှင့်အညီ စိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူပင်၊ ပန်းအလှပင်၊ အရိပ်ရပင်နှင့် စားပင်များကိုလည်းကောင်း၊ ရုံးပတ်ဝန်းကျင် ဈေးဆိုင်ခန်းများနှင့် ဈေးပတ်ဝန်းကျင်တစ်ဝိုက် သန့်ရှင်းသပ်ရပ်မှု ဆောင်ရွက်ထားခြင်းကိုလည်းကောင်း၊ ၂၀၀၅-၂၀၀၆ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၊ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်တွင် မြို့နယ်နှင့် ကျေးရွာများ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ဆောင်ရွက်ပြီးစီးမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

(အပေါ်ယာပုံ)

မှာကြား

ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်သည် မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ ရုံးချုပ်၏ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်ရေး၊ ရုံးချုပ်မှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရေး၊ နှစ်အလိုက် လျာထားသတ်မှတ်ထားသည့်လုပ်ငန်းများကို အချိန်မီပြီးစီးအောင်ဆောင်ရွက်ရေး၊ ကျေးလက်များတွင် အဝီစိတွင်းများ တိုးချဲ့တူးဖော် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။ ဩဂုတ် ၂၇ရက် နံနက်ပိုင်းတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်နှင့် အဖွဲ့သည် သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဆီဆိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေသခံတိုင်းရင်းသူများအား ကွင်းဆင်းတွေ့ဆုံ၊ ကျန်းမာရေးပညာပေး

ဆီဆိုင် ဩဂုတ် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်အေးမြစီ (အောက်ပုံ)**နှင့် အသင်းဝင်များသည် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဒေသန္တရ ကျန်းမာရေးဆရာမများ လိုက်ပါလျက် ဇူလိုင် ပထမပတ်မှစ၍ ကျေးလက်ဒေသရှိ ဒေသခံ တိုင်းရင်းသူများ၊ အမျိုးသမီး မိခင်လောင်းများနှင့် ကွင်းဆင်းတွေ့ဆုံ၍ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲအခမ်းအနားများ ကျင်းပကြသည်။**

ကျန်းမာရေးအသိပညာပေး

ဆီဆိုင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအနေဖြင့် ယခုကဲ့သို့ ကျေးရွာများ အရောက်ကွင်းဆင်း၍ ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ပေးရခြင်းမှာ ကျေးလက်ဒေသခံ တိုင်းရင်းသူမိခင်လောင်းများသည် ကျန်းမာရေး ဗဟုသုတ နည်းပါးသဖြင့် မလိုလားအပ်သည့် မိခင်ရောဂါကလေးပါ ဆုံးရှုံးနစ်နာမှု အန္တရာယ်မှ ကာကွယ်တားဆီးနိုင်ရန် ကျန်းမာရေးအသိပညာများ ဟောပြောပေးခြင်းဖြစ်သည်။

လက်တွေ့သင်ကြားပို့ချ

ထို့အပြင် အရပ်လက်သည်များကိုလည်း မွေးဖွားနည်းစနစ်ကျွမ်းကျင်မှု ရှိသည်အထိ ဆင့်ပွားသင်တန်းများကို မြို့နယ်ကျန်းမာရေးဌာန ဆရာမကြီးများက လက်တွေ့သင်ကြားပို့ချပေးသည်။ **(ဝ၄၈)**

ဆွမ်းဆန်တော် လောင်းလှူပွဲ ပြည်မြို့၌ကျင်းပမည်

ပြည် ဩဂုတ် ၁၅

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ပြည်တောင်တန်း တောရကျောင်းများ ဆွမ်းဆန်တော်လောင်းလှူရေးအသင်း၏ (၂၅)ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲကို စက်တင်ဘာ ၂၁ရက် (၁၃၆၈ခုနှစ် တော်သလင်းလပြည့်ကျော် ၁၅ ရက်) ကြာသပတေးနေ့ မွန်းလွဲ ၁ နာရီတွင် ဗိုလ်ချုပ်လမ်း သာသနာ့ဗိမာန်တော်၌ လောင်းလှူပူဇော်မည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ပြည်မြို့ တောင်တန်းတောရကျောင်းများ ဆန်လှူအသင်းက ရဟန်း၊ သာမဏေ၊ သီလရှင် ၁၆၀၆ပါးတို့အား လောင်းလှူပူဇော်မည်ဖြစ်ပါ၍ ပါဝင်လှူဒါန်းလိုသော စေတနာရှင် အလှူရှင်များသည် ဦးပေါ်ရွှေ ဥက္ကဋ္ဌ ဖုန်း-၀၅၃-၂၂၁၀၂၊ ဦးမြင့်ဆွေ အတွင်းရေးမှူး ဖုန်း-၀၅၃-၂၂၅၃၆၊ ၂၁၃၇၅၊ ဦးမောင်မောင်အေး ဘဏ္ဍာရေးမှူး ဖုန်း-၀၅၃-၂၁၉၄၄၊ ၂၂၃၆၄နှင့် ဦးဌေးကြွယ် စာရင်းစစ် ဖုန်း-၀၅၃-၂၂၅၈၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

သုံးထပ်ကျောင်းဆောင် ဆောက်လုပ်ရန် အလှူငွေပေးအပ်

မိုးကောင်း ဩဂုတ် ၄

ကချင်ပြည်နယ် မိုးကောင်းမြို့ မဟာတိလောကရာမ ပရိယတ္တိစာသင်တိုက်ဝင်းအတွင်း သုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရန် ဒုတိယအကြိမ် အလှူငွေပေးအပ် လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင်၂၄ ရက် နံနက်၈နာရီခွဲက အဆိုပါ စာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ စာသင်တိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ အာစိဏ္ဏက ရှစ်ပါးသီလနှင့် ဩဝါဒကထာ ချီးမြှင့်တော်မူပြီး စေတနာရှင် ၂၈၅ဦးတို့က ငွေကျပ် ၂၃၄၆၀၀၀၀ကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

(၄၁၆)

(၇၃)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်မြို့ တာမွေမြို့နယ် ပုသိမ်ညွှန့်(စံပြရပ်ကွက်) ကျောက်မြောင်း အမှတ် ၉၆ ဘယသုဒ္ဓိလမ်း နှစ်ထပ် အလယ်ခန်းနေ ဦးအေးဝင်း(လူမှုထူးချွန် တတိယဆင့်) **(အပေါ်ပုံ)** သည် ဇူလိုင်၁၄ရက်ကအမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင် ၅၀၀) သွေးလှူဘဏ်တွင် (၇၃)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

မြစ်ကြီးနား ဈေးကြီးလမ်း ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းတူးဖော် လမ်းနှင့်လိုက်လျောညီထွေမှုရှိစေရေး လမ်းပခုံးသားများ ဆောင်ရွက်

မြစ်ကြီးနား ဩဂုတ် ၁၅

စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်သည် ရုံးချုပ်မှ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်၉ ရက်က မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်နေသော မြို့ပြ လမ်းတံတား ရေပေးရေးနှင့် ရုံးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။**(ယာပုံ)**

ကြည့်ရှုစစ်ဆေး

ထို့နောက် ဩဂုတ် ၉ ရက်က မြစ်ကြီးနားမြို့ ဈေးကြီး လမ်းဘေးဝဲယာ အလျားပေ ၄၀၀၀ မြောင်းရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အဖွဲ့ပိုင်ယန္တရားဖြင့် တူးဖော်ခြင်းလုပ်ငန်း၊ ဈေးကြီးလမ်း လမ်းပခုံးများ လမ်းနှင့် လိုက်လျောညီထွေရှိစေရန် အဖွဲ့အင်ဂျင်နီယာဌာန လမ်းတံတားဝန်ထမ်းများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုးက ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်က လိုအပ်သည်များ မှာကြားကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

မူးယစ် ကင်းစင် အလှဆင်

ဝါတွင်းဦး ဓမ္မသဘင်နှင့် ဓမ္မစာစောင်များဆင်ဖြူကျွန်း၌ပေးလှူပွဲကျင်းပ

ဆင်ဖြူကျွန်း ဩဂုတ် ၁၀

မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ ဗုဒ္ဓဒေသနာတော် လေ့လာဖော်ထုတ်ရေး ကော်မတီက ၁၃၆၈ခု ဝါတွင်းဦးဓမ္မသဘင်နှင့် ဓမ္မစာစောင်များပေးလှူပွဲကို ဩဂုတ် ၅ ရက် မွန်းလွဲ ၁ နာရီက ချောင်းဖြူရွာ ဓမ္မိကာရာမ ဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားတွင်ဆရာမဒေါ်မြတ်သန္တာက အစီအစဉ်များကို လျှောက်ထားပြီးနာယကဆရာတော်ထံမှငါးပါးသီလနှင့်ဩဝါဒကထာနာယူကြသည်။

ပေးအပ်

ထို့နောက် သက်န်းများနှင့် ဓမ္မစာအုပ်များကို သံဃာတော်များထံ ဆက်ကပ်၍ ဓမ္မစာပေစာစောင်များကို သာသနာ့နုဂ္ဂဟ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း(**ယာပုံ**)နှင့် မြောင်းဘောင်ရွာ တက်သီဟစာကြည့်တိုက်တို့သို့ ပေးအပ်သည်။

ဂုဏ်ပြုလွှာ

ဆက်လက်၍ ဆင်ဖြူကျွန်းမြို့နှင့် တညောင်ရွာတို့တွင် သာသနိကအဆောက်အအုံများ ဆောက်လုပ်လှူဒါန်း၍ အထက်တန်းကျောင်းများတွင် သင်ထောက်ကူပစ္စည်းများ ဒါနပြုကာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ဆရာ၊ ဆရာမ၃၅ဦးတို့အား လစဉ် လစာငွေ ကုသိုလ်ပြုသူ ဦးသိန်းထွန်း (တညောင်)အား ဂုဏ်ပြုလွှာကိုလည်းကောင်း ပေးအပ်သည်။

ထို့နောက် ချောင်းဖြူအုပ်စု သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တသောဘဏက ဝါတွင်းဦး ဒေသနာကို ချီးမြှင့်တော်မူပြီး ရေစက်ချ အမျှပေးဝေကြသည်။ **(က-ပ)**

ပြောကြား

မြန်မာနိုင်ငံ ကျန်းမာရေးမှူး အသင်းခွဲ မွန်ပြည်နယ် နှစ်ပတ်လည်အစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲကိုဩဂုတ်၁၂ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံအစည်းအဝေးခန်းမတွင်ကျင်းပရာ မွန်ပြည်နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာ တင်ဝင်းကျော် အမှာစကား ပြောကြားစဉ်။

(၁၆၈)

ကျေးလက်စက်ရေတွင်းများ ရေရှည်တည်တံ့ရေးပညာပေး

ပုလဲ ဩဂုတ် ၂

မုံရွာခရိုင် ပုလဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကကြီးမှူး၍ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် အလှူရှင်များ၏ လှူဒါန်းမှုဖြင့် တူးဖော်ထားသော စက်ရေတွင်းများ ရေရှည်တည်တံ့သုံးစွဲနိုင်ရေးနှင့် စက်ပစ္စည်းများ စနစ်တကျ ထိန်းသိမ်းနိုင်ရေး ပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင်၂၉ရက် နံနက်၉နာရီက ပုလဲရတနာခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ် ဥက္ကဋ္ဌ ဦးနိုင်အေးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးနွယ်မွန်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးဖြိုးမင်းဝင်းတို့က စက်ရေတွင်းထိန်းသိမ်းနည်းနှင့် စက်ပစ္စည်းများ အသုံးပြုနည်းဘာသာရပ်များကို ပို့ချဆွေးနွေးကြသည်။

အဆိုပါသင်တန်းသို့ ပုလဲမြို့နယ် အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၂၀၀တို့တက်ရောက်ကြကြောင်း သိရသည်။ **(တိုင်း ပြန်/ဆက်)**

ငှက်ဖျားရောဂါကာကွယ်ရေး ပျဉ်းမနား၌ပညာပေးဟောပြော

ပျဉ်းမနား ဇူလိုင် ၁၄

ပျဉ်းမနားမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ ငှက်ဖျားရောဂါကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဇူလိုင် ၁၃ရက် မွန်းလွဲ ၂နာရီက ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်ဆရာဝန် ဒေါက်တာအေးကိုကို၊ ဒေါက်တာ ပေါ်မြင့်ဦး၊ ကျောင်းအုပ်ဆရာကြီး ဦးစိုးလှိုင်နှင့် ဆရာ ဆရာမများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းသူ၊ ကျောင်းသားများ တက်ရောက်ကြသည်။

ဟောပြော

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးစိုးလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန် ဦးအေးကိုကိုက ကျောင်းသူ၊ ကျောင်းသားများအား ငှက်ဖျားရောဂါအကြောင်းနှင့် ငှက်ဖျားရောဂါကာကွယ်ရေး နည်းလမ်းများကို ဆက်လက်၍ ပညာပေးဟောပြောသည်။ **(ဝ၉၉)**

အမြို့မြို့အနယ်နယ်သတင်းများ

ဝမ်းလျှောဝမ်းပျက်ရောဂါ ကာကွယ်ရေးဟောပြော

ကျွန်းလှ ဇူလိုင် ၂၀

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းပြီး ဇူလိုင်၁ရက်က အင်းကောင်းကျေးရွာတွင် သွေးလွန်တုပ်ကွေး ဝမ်းလျှော ဝမ်းပျက်ရောဂါကာကွယ်ရေးအကြောင်း ဟောပြောပွဲ ကျင်းပသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့အမှုဆောင်ဒေါ်ခင်နှင်းသက်နှင့် မိခင်နှင့်ကလေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းမြင့်တို့က အမှာစကားပြောကြားကြပြီး ကျန်းမာရေးဆရာမ ဒေါ်ဝင်းကြည်ကရောဂါကာကွယ်ရေးအကြောင်း ဟောပြောကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဝမ်းလျှောဝမ်းပျက်ရောဂါ ကာကွယ်ကုသပါ

၁။ ဝမ်းလျှောဝမ်းပျက်ရောဂါသည်ကူးစက်ရောဂါဖြစ်သည်။ ရောဂါပိုးများသည် ရောဂါဖြစ်ပွားနေသူ၏ ဝမ်းနှင့် အန်ဖတ်များတွင်ပါရှိသည်။ ရောဂါပိုးများပါဝင်သည့် ရေနှင့်အစားအစာများကို စားသောက်မိခြင်းကြောင့် ရောဂါကူးစက်ပြန့်ပွားသည်။

၂။ **အစားအသောက်များသည် အောက်ပါအကြောင်းအချက်များကြောင့် ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်။**

- *** အစားအသောက်များပေါ်သို့ ယင်အုံ ယင်နားခြင်း၊**
- *** အစားအသောက်ထည့်သည့် အိုးခွက်ပန်းကန်များကို မသန့်ရှင်းသည့်ရေဖြင့် ဆေးကြောအသုံးပြုခြင်း၊**
- *** မသန့်ရှင်းသည့်လက်ဖြင့် အစားအသောက်များကို ကိုင်တွယ် ချက်ပြုတ်ပြင်ဆင်ခြင်း၊**
- *** မသန့်ရှင်းသည့် အိုးခွက်ပန်းကန်ဖြင့် ချက်ပြုတ်ပြင်ဆင်သိမ်းဆည်းခြင်း။**

၃။ သောက်သုံးရေများသည် အောက်ပါအကြောင်းများကြောင့် ညစ်ညမ်း၍ ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်။

- *** သောက်သုံးရေအဖြစ်အသုံးပြုသည့် ရေတွင်းရေကန်များအတွင်းသို့ ပြင်ပမှ ညစ်ညမ်းသည့်ရေများ စီးဝင်ခြင်း၊**
- *** ရေတွင်းရေကန်များထဲသို့ မသန့်ရှင်းသည့် ရေခွက်၊ ရေပုံးများဖြင့် ခပ်ယူခြင်း၊**
- *** သောက်သုံးရေတွင်း၊ ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း၊**
- *** သောက်သုံးရေတွင်း၊ ရေကန်များသည် အိမ်သာ၊ အညစ်အကြေး စွန့်ရာနေရာစသည်တို့နှင့် နီးကပ်စွာတည်ရှိခြင်း၊ ပို၍နိမ့်သည့် နေရာတွင်ရှိခြင်း၊**
- *** သောက်သုံးရေတွင်း၊ ရေကန်များအနီးသို့ ကျွဲ၊ နွား၊ ခွေးစသည့် တိရစ္ဆာန်များ ဝင်ရောက်ခြင်း။**

၄။ ဝမ်းလျှော ဝမ်းပျက်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန်

- *** သောက်သုံးရေတွင်း၊ရေကန်များအနီးနှင့် မြင့်သောနေရာတွင် အိမ်သာဆောက်ခြင်း၊ မစင်စွန့်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊**
- *** သောက်သုံးရေတွင်း၊ ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း မပြုပါနှင့်၊**
- *** ရေတွင်း၊ ရေကန်များထဲသို့ တစ်ဦးချင်းသယ်ဆောင်လာသည့် ရေပုံး၊ ရေခွက်များနှင့် မခပ်ပါနှင့်၊ ရေခပ်ယူရန်လိုအပ်ပါက ရေတွင်း၊ ရေကန်အနီးတွင် သန့်ရှင်းသော ရေခွက်၊ ရေပုံး သီးသန့်ထားရှိပါ၊**
- *** ရေကို ကျိုချက်၍သောက်ပါ၊**
- *** သန့်ရှင်းလတ်ဆတ်သည့် အစားအစာများကိုစားပါ၊**
- *** အစားအစာများကို ယင်မနားအောင်ဖုံးအုပ်ထားပါ၊ ယင်နားစာများ မစားပါနှင့်၊**
- *** အစားအစာများကို မကိုင်တွယ်မီ လက်ကိုရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ၊**
- *** အစားအစာများထည့်သည့် အိုး၊ခွက်၊ပန်းကန်များကို သန့်ရှင်းသည့် ရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင် ဆေးကြောပါ၊**
- *** ယင်လုံအိမ်သာ အသုံးပြုပါ၊**
- *** အိမ်သာမှဆင်းတိုင်းနှင့် မစင်၊ အန်ဖတ် စသည်တို့ကို ထိတွေ့ကိုင်တွယ်ပြီးတိုင်း လက်ကိုရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ။**

၅။ အကယ်၍ ဝမ်းလျှော ဝမ်းပျက်ရောဂါဖြစ်ပွားပါက **ဓာတ်ဆားရည်ကို အညွှန်းအတိုင်း တိကျစွာဖျော်၍သောက်ပြီး နီးရာဆေးရုံဆေးခန်းတွင် ဆောလျင်စွာ ပြသကုသမှုခံယူပါ။ မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် သတိပြုကာကွယ်ပါ။**

ကျန်းမာရေးဝန်ကြီးဌာန

မြင်းမူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မီးဖိုချောင်သုံးစိုက်ခင်းတွင် ဩဂုတ်၁၀ရက်က ဒုတိယဦးစီးမှူး(အခွန်)ဒေါ်ချိုချိုဝင်းနှင့် ဝန်ထမ်းများ ပေါင်းနုတ်၊ မြေဆွေးထည့်ပြုပြင်ခြင်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ပျိုးဥယျာဉ်တွင်ပန်းအလှပင်များပြုစုပျိုးထောင်ခြင်းနှင့် ပေါင်းမြက်များရှင်းလင်းခြင်းတို့ကို ဇူလိုင်၂၉ရက်က ဦးစီးအရာရှိဦးခင်မောင်ဝင်းနှင့်ဝန်ထမ်းများဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးဝင်းမော် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် စည်ပင်)

ကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လုပ်ငန်းညှိနှိုင်းစည်းဝေး၊ စိုက်ပျိုးမှုနှင့်ပတ်သက်၍ ရှင်းလင်း

ကလေး ဩဂုတ် ၆

ကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၆ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁ ရက် မွန်းတည့် ၁၂ နာရီက ကလေးမြို့ နေရဦရာခန်းမဆောင်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သိန်းလှိုင် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ညှိနှိုင်းစည်းဝေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူး သန့်ဇင်ထွန်းက အမှာစကားပြောကြားပြီး စာရင်းဇယားများ ကောက်ယူရေးနှင့် ပတ်သက်၍ မြို့နယ်စီမံကိန်း ဦးစီးအရာရှိ ဦးဝင်းဆွေကလည်းကောင်း၊ စိုက်ပျိုးမှုအခြေအနေနှင့် ပတ်သက်၍ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးခင်မောင်ဝင်းကလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။ **(၄၁၇)**



20-8 (17).p65 1 1/4/32, 1:37 PM

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
သတင်းကြေညာချက်

ရန်ကုန်မြို့။ ၁၃၆၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ ရက်
၂၀၀၆ ခုနှစ် ဩဂုတ်လ ၁၆ ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် ၂၀၀၆ ခုနှစ် အောက်တိုဘာလနှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမနှင့် မြန်မာကွန်ဗင်းရှင်းစင်တာတွင် ကျင်းပမည်ဖြစ်ပါသည်။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် တင်ပြရောင်းချမည်ဖြစ်ပါသည်။ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည် အများအပြားတက်ရောက်ပြီး ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများကို အပြိုင်အဆိုင်ဝယ်ယူကြမည်ဖြစ်ပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအနေဖြင့် နိုင်ငံသား ရတနာကုန်သည်များက တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို လက်ခံခြင်း၊ အတွဲဖွဲ့ခြင်း၊ ကြမ်းခင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်း၊ ပြပွဲတွင် တင်ပြခင်းကျင်းရောင်းချခြင်း၊ ရောင်းရငွေများ အမြန်ရရှိရေး၊ ပြည်ပသို့ တင်ပို့ရေး၊ ရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ(Export Earning) အဖြစ် သတ်မှတ်ရေးနှင့် အခြားလိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်၍ ၂၀၀၆ ခုနှစ် အောက်တိုဘာလနှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်မှ စက်တင်ဘာလ ၃၀ ရက်အတွင်း စစ်ဆေးလက်ခံခြင်း၊ အတွဲဖွဲ့ခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်း၊ ပြပွဲနေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက် မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) ရန်ကုန်မြို့၊ ကျောက်မျက်ရတနာတူးဖော်ရေးဌာန (မိုးကုတ်မြို့)၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေပြုသည့် ကျောက်စိမ်း၊ ကျောက်မျက် တူးဖော်ရေးဌာန (စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်း ဆောင်ရွက်နိုင်ပါသည်။

၅။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများကို မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် လမ်းခရီး၌ အခက်အခဲရှိပါက အထက်စာပိုဒ်(၄)ပါ လုပ်ငန်း/ဌာန/ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ။

ဗန်ကောက်အဝတ်အထည်ဆန်းမျိုးစုံ
ဖြန့်ချီနေပြီ
အမှတ် ၈၆၊ ၁၂၄ လမ်း (အထက်) မင်္ဂလာဈေးကျောဘက်
ဖုန်း-၀၉ ၈၀ ၃၄၉၇၁။

ရောင်းရန်ကြော်ငြာ
(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မိတ္ထီလာခရိုင်တရားမရုံးတော်၌
၂၀၀၆ ခုနှစ် တရားမဇာရီမှု အမှတ် ၈

မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့။	**နှင့်**	၁။ ဦးကျော်သိန်း ၂။ ဦးခင်မောင်မြင့်
တရားနိုင်		**တရားရှုံး**

မိတ္ထီလာခရိုင် တရားမရုံးတော်၏ ၂၀၀၂ ခုနှစ် တရားမကြီးမှု အမှတ် ၄၂ တွင် ချမှတ်ထားသော ဒီကရီအရတရားရှုံးများက တရားနိုင်ဘဏ်သို့ ပေးသွင်းရန်ငွေကျပ် ၂၅၀၇၁၁၅ကျပ် ၃၉ပြား (ကျပ်နှစ်ဆယ့်ငါးသိန်း ခုနစ်ထောင်တစ်ရာတစ်ဆယ့်ငါးနှင့် သုံးဆယ့်ကိုးပြားတိတိ)ကို ပေးသွင်းနိုင်ရန်အတွက် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့ (၁၃၆၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၄ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံရောင်းချမည့်ပစ္စည်းစာရင်း

မိတ္ထီလာမြို့၊ ပြည်သာယာရပ်ကွက်ရှိ အကွက်အမှတ် (ဃ/ ပြည်သာယာတောင်) ဦးပိုင်အမှတ် (F ၁၇၁)၊ မြေကွက်အမှတ်(၁၇၁)၊ မြေချိန် ဧရိယာ (၀ ဒသမ ၀၃၄)ဧကရှိ မြေနှင့် ၎င်းမြေပေါ်ရှိ (၂၇ x ၂၇)ပေ လူနေတစ်ထပ်တိုက်။ လေလံကြမ်းခင်းဈေး ကျပ်သိန်း၅၀။

လေလံစည်းကမ်းချက်များ

၁။ ပစ္စည်းတွင်ဖော်ပြသော အချက်အလက်များမှာ တရားနိုင်ဘက်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်စနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဩဂုတ် ၄ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မျိုးတင့်
ခရိုင်တရားသူကြီး
မိတ္ထီလာမြို့။

အမည်ပြောင်း

အဖ ဦးမျိုးညွန့်၏ သမီး အထက(၂) လမ်းမတော် (Grade-11B)မှ မသက်သန္တာအောင်အား မဆုရတီအောင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

မဆုရတီအောင်။

ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

ကျွန်ုပ်အမှုသည်ဖြစ်သော ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေကြီး (က-ဂ) ရပ်ကွက် ၁၅၇ လမ်း အမှတ် ၇၈ နေ ဦးတင်ဝင်း နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် ၁၂/တမန(နိုင်) ၀၅၂၆၀၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

King®

မှတ်ပုံတင်အမှတ် ၆၄၄/၁၉၉၄၊ ၆၄၅/၁၉၉၄၊ ၆၄၆/၁၉၉၄

ဦးတင်ဝင်းမှ အထက်အမည်ပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားတို့ကို "Orange Squash" ၊ "Lemon Squash" ၊ "Strawberry Squash" စသည့် သီးစုံအနှစ်ရည်များကို ပုလင်အရွယ်အစားအမျိုးမျိုး၊ ပလတ်စတစ်ပုလင်း အရွယ်အစားအမျိုးမျိုးတို့တွင် ကပ်နှိပ်၍ ထုတ်ဝေဖြန့်ချိရောင်းချမည်ဖြစ်ကြောင်း ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်၌ ၁၉၉၄ ခုနှစ်ကပင် အထက်ပါကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်၍ ယနေ့တိုင် ထုတ်လုပ်ဖြန့်ချိ ရောင်းချလျက်ရှိပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားဖြင့်ပင် စာရွက်စာတမ်း၊ ဆိုင်းဘုတ်၊ ဘလောက်၊ ကြော်ငြာအစရှိသည်တို့ပေါ်တွင် ရိုက်နှိပ်၍ မွန်းလိုက်ဖျော်ရည်စုံလုပ်ငန်းမှ ထုတ်လုပ်ပြီး ရန်ကုန်မြို့နှင့်တကွ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ယနေ့တိုင် ဖြန့်ချိရောင်းချလျက်ရှိပါသည်။

ကျွန်ုပ်အမှုသည် မူပိုင်တံဆိပ်ဖြစ်သော Kingတံဆိပ်အမှတ်အသားပါ ဖျော်ရည်နှင့်ပတ်သက်၍ ဆင်တူယိုးမှား၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှားဖြစ်စေ၊ အတုအပပြုလုပ်၍ဖြစ်စေ၊ ထုတ်လုပ်ဖြန့်ချိသူများအား တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးတင်ဝင်း၏ ညွှန်ကြားချက်အရ-

ဦးမောင်မောင်တင် LL.B, D.B.L
တရားရုံးချုပ်ရှေ့နေ
အမှတ် ၅၀၊ ပထမထပ်၊ အေ-၇၊
ဘဏ်လမ်း၊ ရန်ကုန်မြို့။

(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ကကရ/၃၈၁၆၊ ဟွန်ဒါဒရင်း(I) မော်တော်ဆိုင်ကယ် လက်ဝယ်ရှိသူ ဦးစိုးဝင်းအောင် ၃/ကကရ (နိုင်)၀၀၀၃၃၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ကော့ကရိတ်/မြဝတီမြို့)။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(ဘုရင့်နောင်) မြေကွက်အမှတ် (စ/၃၁-(B)ဟု ခေါ်တွင်သော ဘုရင့်နောင်ပွဲရုံတန်း ၄ဝါ လမ်း၊ အမှတ်(စ/၃၁-(B) မြေအကျယ်အဝန်း (၂၀x၆၀) ပေရှိ နှစ်ထပ်တိုက်အဆောက်အအုံနှင့် အကျိုးခံစားခွင့်အားလုံးကို ဦးအောင်ကောင်းစိန် ၁၂/လမတ(နိုင်)၀၁၄၂၁၄ ထံမှ ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ခိုင်မာသောစာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ဤကြေညာသည့်ရက်မှစ၍ ၇ ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ တရားဝင် အရောင်းအဝယ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြတ်ထွန်း(B.Sc,R .L)
တရားရုံးချုပ်ရှေ့နေ
၅၉၊ (၁၄)လမ်း၊ ၁ ရပ်ကွက်
မရမ်းကုန်းမြို့နယ်။
ဖုန်း-၆၈၁၆၅၃။

ချို့တဲ့နွမ်းပါးသော ကျောင်းသူ ကျောင်းသားများ ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်

မန္တလေး ဩဂုတ် ၁

မန္တလေး အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေအနောက်ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရပ်ကွက်အတွင်း ချို့တဲ့နွမ်းပါးသော ကျောင်းသူ၊ ကျောင်းသားများအား ကျောင်းသုံး စာရေးကိရိယာများပေးအပ်ပွဲကို ဇူလိုင် ၉ရက်ညနေ ၄နာရီက ၂၂လမ်း အလိုတော်ပြည့်ဓမ္မာရုံတွင် ကျင်းပသည်။

ရှင်းလင်း

ရေးဦးစွာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်စန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ကျော်တို့က အမှာစကားပြောကြားပြီး ရပ်ကွက်စည်းရုံးရေးမှူး ဦးခင်မောင်ဦးက ရပ်ကွက်ပြည်သူများ၏ ကူညီထောက်ပံ့မှုဖြင့် ရပ်ကွက်အတွင်း လိုအပ်သော ကျောင်းသူ၊ ကျောင်းသား ၃၀အတွက် တစ်ဦးလျှင် ငွေကျပ် ၃၅၀၀ တန်ဖိုးရှိ ကျောင်းသုံး စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ရခြင်းကို ရှင်းလင်းတင်ပြသည်။

ပေးအပ်

ထို့နောက် ကျောင်းသူ၊ ကျောင်းသားများအား ကျောင်းသုံးစာရေး ကိရိယာများကို မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ပေးအပ်ကြကြောင်း သိရသည်။

(၁၆၂)

မော်လမြိုင်မြို့ မရမ်းကုန်းရပ်ရှိသမိုင်းဝင် ကျိုက်သုတ်စေတီတော်မြတ်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၂၁)ကြိမ်မြောက် ဆေးပဋ္ဌာန်းလှူဒါန်းပူဇော်ပွဲကို ဩဂုတ် ၂ ရက်က စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် မော်လမြိုင်မြို့ ကျိုက်သုတ်စေတီတော်မြတ်ကြီး ပရဝဏ်အတွင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ပူဇော်ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးရွှေရင် အမှာစကားပြောကြားစဉ်။ (က-ပ)

စစ်ဆေး

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အနေးယာဉ်များ စည်းကမ်းထိန်းသိမ်းရေးစီမံချက်အရ ဇူလိုင် ၂၆ ရက်က ဒုတိယဦးစီးမှူး ဦးစိုးတင့် ဦးဆောင်သောဝန်ထမ်းများ အနေးယာဉ်များ စနစ်တကျရှိရေးနှင့် စည်းကမ်းထိန်းသိမ်းရေး စစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

ကိုးထပ်ကြီးဘုရား မေတ္တာအခါတော်နေ့ကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

စမ်းချောင်းမြို့နယ် အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရားတွင် နဝဂုဏ ဗုဒ္ဓမာမကသာသနာပြု ပါရမီရှင်များအသင်းမှ (၁၄)နှစ်မြောက် မေတ္တာအခါတော်နေ့ အခမ်းအနားကို ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁ နာရီက အာရုံခံတန်ဆောင်းကြီးတွင် ကျင်းပသည်။

ဓီဝိတဒါနပြု

ရှေးဦးစွာ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်၍ နဝင်္ဂသီလခံယူကြသည်။ မေတ္တာသုတ်ပါဠိတော်ကို ဆရာတော်ကြီးများက သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ကာ လူပုဂ္ဂိုလ်များက (၅၂၈)ကြိမ်ပြည့်သည်အထိ အသံမစဲအလှည့်ကျ ရွတ်ဆိုပူဇော်ကြပြီး မေတ္တာဘာဝနာများ ပွားများကြကာ လယ်တီမဟာသရဏဂုံတော်ကြီး ဓမ္မပူဇာရွတ်ဆို၍ ငှက်ကလေးများနှင့် ငါးလေးများအား ဘေးမဲ့လွှတ်၍ ဓီဝိတဒါနပြု လှူကြကြောင်း သိရသည်။

(၁၂၉)

ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးကြီးအတွင်း သန့်ရှင်းမှုနှင့် အသားဆိုင်များ ယင်လုံဆန်ခါများဖြင့် ရောင်းချမှုကို ဩဂုတ် ၆ ရက်က ရွှေဘိုခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းနှင့် ရေဦးမြို့ ဥက္ကဋ္ဌဦးခင်ထွန်းတို့က ကွင်းဆင်းစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဟန်ဂေရီသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၀

၂၀၀၆ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ကျရောက်သော ဟန်ဂေရီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဟန်ဂေရီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖဲရဲန်၊ ဂျူချာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အနောက်တိုင်းယဉ်ကျေးမှုများ ကမ္ဘာ့လူဦးရေ၏ ၇၅ ရာခိုင်နှုန်းခန့်ထံသို့ ရောက်ရှိပျံ့နှံ့ လျက်ရှိ နိုင်ငံများ၏ ယဉ်ကျေးမှု၊ မျိုးချစ်စိတ်ဓာတ်နှင့် ရိုးရာဓလေ့ထုံးစံများအပေါ် လွှမ်းမိုးလာနိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲများသည် ပြိုင်ပွဲသက်သက်မဟုတ် အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်၍ တိုင်းပြည်နှင့်လူမျိုးအတွက်အရေးကြီး

ပြိုင်ပွဲများကျင်းပရာတွင် သာမန်လုပ်ဆောင်ခြင်းမျိုး မဟုတ်ဘဲ အနာဂတ်အတွက်ပါ မျှော်တွေးလုပ်ဆောင်

နေပြည်တော် ဩဂုတ် ၁၉

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြည်နယ်နှင့်တိုင်း ကိုယ်စားလှယ်များပါဝင်သော ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၈ ကော်လံ ၁ ■

လီဗာပူးအသင်းနှင့် ရက်ဖ်ီးယူနိုက်တက်အသင်းတို့ ပရီမီယာလိဂ်အဖွင့်ပွဲတွင် ရက်ဖ်ီးယူနိုက်တက် တိုက်စစ်မှူး ရှော့ဘ်ဟူလ်ဆေး လီဗာပူးအသင်းဘက်သို့ ယခုနှစ် ပရီမီယာလိဂ် အဖွင့်ဂိုးအဖြစ် ခေါင်းတိုက်ဂိုးသွင်းယူလိုက်စဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပရီမီယာလိဂ် အဖွင့်ပွဲစဉ်များ စတင်ယှဉ်ပြိုင်ကစား လီဗာပူးနှင့် အာဆင်နယ်အသင်းတို့ တစ်မှတ်စီသာရခဲ့

သတင်းမြင်ကွင်း-မောင်မောင်မြင့်ဆွေ

လန်ဒန် ဩဂုတ် ၁၉

၂၀၀၆-၂၀၀၇ ခုနှစ် ပရီမီယာလိဂ် ဘောလုံးရာသီပွဲစဉ်များကို စတင်ကစားပြီဖြစ်ရာ အဖွင့်ပွဲစဉ်အဖြစ် လူသစ်တန်း ရက်ဖ်ီးယူနိုက်တက်နှင့် လီဗာပူးတို့ ရက်ဖ်ီးယူနိုက်တက်ကွင်း ဘရာမေးလ်လိန်း၌ ဩဂုတ် ၁၉ ရက်က ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားခဲ့သည်။

ထိုးဖောက်ကစား

အဖွင့်ပွဲစဉ်၌ ရက်ဖ်ီးယူနိုက်တက်ကို ဂိုးပြတ်သွင်းအနိုင်ယူမည်ဟု အားခဲထားသော လီဗာပူးတို့ အိမ်ရှင် ရက်ဖ်ီးယူနိုက်တက်တို့၏ဦးဆောင်ဂိုးသွင်းယူမှုကိုပင် ခံခဲ့ရသည်။ ဂျရတ်၊ ဘယ်လာမီ၊ ဇန်ဒန်၊ ဆစ်ဆိုကို၊ ရီဆီနှင့် ဟစ်ပီယာ စသည့် အမာခံဘောလုံးသမားများနှင့် ပွဲထုတ်လာသော ဘင်နီတက်ဇ်၏ လီဗာပူးသည် ပွဲစသည်နှင့် လျင်လျင်မြန်မြန် ထိုးဖောက်ကစားကာ ကစားကွက်ကို စီးထားနိုင်ခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၅ ●